# သခင့်စကား

The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်


> အကြင်သူသည် ငါ့ကိုင့်ငြင်း ငါ့စကားကိုင့်ငြင်း ရှက်၏
> လူသားသည် --ကြွလာသောအခါ ထိုသူကို
> ရှက်တော်မူလတ္တံ့။ မာကု ၈း၃၈


အမှတ်စဉ် (၁၀၈) ဩဂုတ်လ ၂၀၁၀ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


## သူဌေးစိတ်ကူး (မင်းအောင်သက်လွင်)



ငွေမက်လို့တော့ မဟုတ်ပါဘူး
အခြေပျက် အနေခက်တဲ့ လောက မှာ
ငွေ မရှိတဲ့ ဘဝဆိုတာ ၊ နေ မထိတဲ့ ပန်းလိုပါ
လူ မသိ သူ မသိနဲ့ ၊ အပူ မိနေခဲ့ သမျှ
မျက်နှာငယ်ခဲ့ရ ၊ ယောက္ခမ မကြည်ဖြူတဲ့ ဘဝ
အသိုင်းအဝိုင်း တစ်ထောင်မှာ အရှိုင်းအစိုင်း တစ်ကောင်ပါ။
သား မယား အမြင်မှာ ၊ ဖွတ်ကျား လို့ ထင်လာ။
သူငယ်ချင်းများက ခနဲ့တာ ၊ နင်းပြားလို့ မဲ့ရွဲ့ကာ
အသုံး မကျတဲ့ သူလိုလို၊ ရိုးအ တဲ့ သူလိုလို
သောက်သုံး မကျတဲ့ သူလိုလို ၊ မျောက်ရှုံးအောင် ကတဲ့ သူလိုလို
လက်ညှိုးငေါက်ငေါက် ထိုးကာ ၊ မျက်ရည်ပေါက်ပေါက် ကျိုးလာ
ဆန်ကုန်မြေလေး လူပို လို နဲ့ ရန်လုံကြေအေးကာ အငြိုအငြင် ခံရတယ်။
ဒီလိုနဲ့ - - -



မခံနိုင်တဲ့ တစ်နေ့မှာ ၊ အကြံပိုင်နဲ့ တွေ့ကာ
တတ်ထားတဲ့ပညာနဲ့ မှတ်ထားတဲ့ သညာတွေကို
အရင်းအနှီးပြုကာ ငွေတွေရှာ ၊ နိုင်ငံရပ်ခြားက ရွှေ တွေပါ။




ရွာပြန်ရင် သူဌေး ဖြစ်တော့မှာ ၊ စိတ်ကူးကလေးနဲ့ ရှုံးခဲ့ရတဲ့ နေ့တွေလဲ၊
ရွာပြန်ရင် အကြွေးကင်းတော့မှာ။ ဒီအတွေးလေးနဲ့ ကြိုးစားခဲ့တဲ့ အလုပ်တွေလဲ၊
အများ ရှုပ်မိတဲ့ အခါ တရားတစ်ပုဒ် ရောက်လာ ၊ စံ ရလဲ အောက်ခြေ မလွတ်ပါ။
အမှား လုပ်မိတဲ့အခါ ကုလား တရုတ် ဟောက်တာ ခံ ရလဲ စိတ် မပျက်ပါ၊
တစ်ခါ မှန် ရင် အတွေးလေးထဲမှာ ၊ ရွာပြန်ရင် သူဌေး ဖြစ်တော့မှာ။ ။
(ဝန်ခံချက်။ ။ပြည်ပရောက် မိတ်ဆွေ (ရွှေ) များအားလုံးအတွက် အမှတ်တရ )
(ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်း တရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ ပေးတော်မူလတ္တံ့။ မသဲ ၆း၃၃)



---

## "ကြယ်ခင်လေးများသို့ ." candlelight.25

ကယ်တင်ရှင်စစ် မသိခင်က ၊ စိတ်ညစ်တတ်တဲ့ ကျွန်ုပ်အတွက်
တိတ်ဆိတ်လှတဲ့ သန်းခေါင်ညရဲ့ ၊ လမင်းကြီးဟာ အသာယာဆုံးတဲ့။
အခုတော့ ကယ်တင်ရှင်စစ် ကျွန်ုပ်သိပြီ



လမင်းကိုယ်စား ခရစ်တော်ဘုရား ၊ ဘာဘဲဖြစ်ဖြစ် စိတ်မညစ်တော့
လမင်းကြီးဘေး ကြယ်ဖြူလေးများ ၊ ဖြန့်ကျက်ကာထား သခင့်ကိုယ်ပွား
ကိုယ်ကျိုးစွန့်လျှက် သခင့်အတွက် ၊ နောက်ဆုံးသောရက် သရဖူများနဲ့
အားယူကာ ကြိုးစားပါ။ ကျွန်ုပ်လေးစား ကြယ်ဖြူလေးများ
သခင့်အနား အစဉ်ထွန်းလင်းပါစေ၊ တောင်းဆုခြွေသည်...
(ကမ္ဘာအရပ်ရပ်မှ အမှုတော်ဆောင်များအား လေးစား ဂုဏ်ပြုလျှက် ---)

---

## အားတင်းကာရယ် F penny (mizo)



သာယာလှပ၊ ခေတ်မှီတိုးတက် ၊ နိုင်ငံခြားဆိုတဲ့၊ စင်္ကာပူနိုင်ငံမှ
အမှတ်မထင်၊ ခင်မင်ရင်းနှီးခဲ့မိ ၊ သူငယ်ချင်း၊ မိတ်ဆွေ
စာနာနားလည်၊ ဘဝတူလေးမို့ ၊ စိတ်ရင်းအမှန်နှင့်၊ ခင်မင်ရင်းနှီးခဲ့ရပေ့၊
အနိမ့်ခံ၊ အစေခံသမား ဘဝ ၊ တို့တတွေ၊ ဖြစ်ခဲ့ကြပေမယ့်
အားမငယ်၊ ဘဝကို ရင်ဆိုင်ရင်း ၊ ထာဝရ ဘုရားသခင်၊ ကောင်းကြီးပေးအပ်မည့်
နေ့ရက်အချိန် ကာလ စောင့်မျှော်ရင်းနှင့်
ဘဝခရီး အားတင်းကာရယ်၊ မာရ်နတ် နတ်ဆိုး၏ လှည့်ဖျားမှု အရိပ်အောက်မှာ
ဘဝကိုအရှုံးမပေး၊ ခဝါ မချလိုက်ပါနဲ့၊ မိတ်ဆွေ၊ သူငယ်ချင်းရယ်။
(၂တိ ၁း၇ )။ ။အကြောင်းမူကား ဘုရားသခင်သည် ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူသည်မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသော စိတ်သဘောကို ပေးတော်မူ၏။ ) ကျေးဇူးတော်မြတ်၌ --

## အသိအမှတ် ဓိအုန်သတို့သမီး

ရှေးဦးစွာ ဤအကြောင်းအရာသည် မည်သူ့ ကိုမှ ပုတ်ခတ်ခြင်း မဟုတ်ပဲ အသင်းတော်အတွင်း ပါဝင် ဆပ်ကပ်နေသူ တစ်ယောက်စီတိုင်းအား ခွန်အားပေးလျှက် ပါဝင် ဆပ်ကပ်နေသူတို့၏ အားနည်းချက်များကို နားလည်စေလိုကြောင်း ရည်ရွယ်ပါသည်။ ဧပြီ ၁၂ရက်နေ့၂၀၀၉တွင် ဆရာဒီးမှ Sunday School သင်ရန် အတန်း တစ်တန်း ရရှိခဲ့ပါသည်။ ဆရာဒီး၏ အကူအညီ တောင်းမှု၊ ဘုရားသခင်၏ အခွင့်အရေး ပေးမှုကြောင့် ကျွန်မနှင့် ဆရာဝါး ပါ ပါဝင် သင်ကြားခွင့် ရရှိခဲ့ကြပါသည်။ ကျွန်မတို့ ရရှိထားသော အတန်းသည် တခြားအတန်းမှ ဆရာမများ ထိန်းမနိုင်သော ကလေးများ ကို သီးသန့်သင်ပေးရသော အတန်းဖြင့် အစပြုခဲ့ခြင်း ဖြစ်လေသည်။ ကျောင်းသား ၄ဦးဖြင့် အစပြုခဲ့ကြရာမှ ယခုကျောင်းသား ၉ဦး ရှိသွားပါပြီ။ အားလုံး ယောကျာ်း လေးများဖြစ်သည်။ အစဦးက ဆရာဒီးသည် ငယ်လွန်း၍ လိမ်မာသော ကလေးနှင့် အသက် နည်းနည်း ကြီးသော ကလေးများအား သင်ကြားမှု သင်ခန်းစာ မညီမျှမှု ကြောင့် အတန်းပြောင်းရန် ပြောကြား ခဲ့သော်လည်း မည်သူမှ လက်မခံခြင်း၊ ကျွန်မ၏ ကလေးများအား ချစ်သော သံယောဇဉ် ကြောင့် ဆရာဒီးသည် ဒီအတိုင်းပဲ ထားခဲ့ပါ သည်။ ကျွန်မနှင့် ဆရာဒီးသည် ဝိညာဉ်ပိုင်းဆိုင်ရာ သင်ကြား၍ ဆရာဝါးသည် တိုင်းရင်းသား စာပေကို သင်ကြားပါသည်။ ကျွန်မ၏ ကလေးများသည် လွန်စွာ ထက်မြက်ကာ စကားလည်း လွန်စွာ တတ်ကြသည်။ အလွန်ဆော့၍ ချစ်စရာလည်း ကောင်းကြပါသည်။

သူတို့လေးများနှင့် နေရခြင်းသည် ကျွန်မအား ပျော်ရွှင်လန်းဆန်းမှုကို ရရှိ စေပါသည်။ တာဝန်အရ လုပ်ဆောင်မှု မဟုတ်ပဲ ကလေးများ၏ ဝိညာဉ်ကို သနား ခြင်း၊ ကလေးများကို ချစ်ခင်ခြင်းဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ဆရာဒီးနှင့် ဆရာဝါး လည်း ထို နည်းတူပင် ဖြစ်လိမ့်မည်။ ဆရာများ ဖြင့်လင့်ကစား စိတ်ရှည်ရှည်နှင့် ကိုယ်လိုရာကို ချည်း မဟုတ်ပဲ ကလေးများ၏ လိုအပ်ချက်နှင့် တစ်ထပ်တည်း ကျရန် သင်ယူကြပါ သည်။ တစ်ရက်တွင် ကလေးများအား သံယောဇဉ်ကြီးကာ သူချစ်သော ကလေး၍ယ်ကို ပေါင်ပေါ်တွင် ချီထားတတ်သော ဆရာဝါးသည် သူ စာ ဆက်မသင်ချင်တော့ကြောင်း ပြောသောအခါ ကျွန်မ ဝမ်းနည်း အံ့သြရပါသည်။ အကြောင်း ရင်းကို မေးကြည့်သော် ဆရာသည် တိုင်းရင်းသားစာကို သင်သောအခါ စင်ကာပူရောက် ကလေးများ ထုံးစံ အတိုင်း အင်္ဂလိပ်နှင့် ဗမာလိုသာ ရကြသော ကလေး များအား အင်္ဂလိပ်နှင့် ဗမာလို ပြန်လည် ရှင်းပြ ပြောပြပါသည်။ ၄င်းအား တစ်စုံတစ်ယောက် မြင်သွားကာ တိုင်ကြားသောကြောင့် ဆရာဝါးအား တာဝန်ရှိသူမှတဆင့် စကားဆိုခဲ့ခြင်း ခံရပါသည်။ ထို့အပြင် ဆရာ စာသင်ချိန်တွင် လာရောက် Monitor လုပ်ခြင်းကို ခံရပါသည်။ ဆရာ၏ ကြေကွဲမှုကို ကျွန်မ နားလည်ခဲ့ရပါသည်။ တခါတရံ ကျွန်မတို့၏ လုပ်ဆောင်မှု များအား အသိအမှတ်ပြုခြင်း မခံရသောအခါ (သို့) ဝေဖန်ခြင်း ခံရသော အခါ စိတ်ပျက်ကာ အားလျော့ ရပါသည်။ Purpose driven life ကိုရေးသော Rick Warren သည် Saddleback Church ကိုတည်ထောင်သူ၊ ကမ္ဘာပေါ်တွင် အကြီး ဆုံးနှင့် လူသိအများဆုံးသော ဘုရားကျောင်းအား တည်ထောင်ထားသူ ဖြစ်သည်။ သူ၏ ဘုရားကျောင်း၌ ပါဝင်ဆက်ကပ်သူ ထောင်ပေါင်းများစွာ ရှိလေ၏။ အသင်းသားကား သိန်းသောင်း ပေါင်းများစွာပေတည်း။ ထို့အပြင် ဆရာကြီးသည် နိုင်ငံ အသီးသီးမှ သင်းအုပ် ဆရာ ၃၅၀၀၀၀ ကိုလည်း မွေးထုတ်ပေးခဲ့သည်။ ဆရာကြီး ဘာကြောင့် ဒီလိုအောင်မြင်ရတာလဲ။ ထောင်ပေါင်းများစွာသော ပါဝင်ဆပ်ကပ်သူ များကို ဆရာကြီးသည် မည်သို့ခွန်အားပေး တိုက်တွန်းသနည်း။ ကျွန်မတို့ လေ့လာစရာ အတုယူ စရာပေတည်း။ လူသည် မြေမှုန့်သား ဖြစ်သည့် အားလျော်စွာ အားနည်းခြင်း ဖြင့် မပြည့်စုံ တတ်ကြပါ။ အသင်းတော်အတွင်း ပါဝင်ဆက်ကပ်သူ တစ်ယောက်စီ တိုင်းအား ခွန်အား ပေးစေလိုပါသည်။ ပါဝင် ဆက်ကပ်သူများသည် ယခုလို ကိစ္စများ ကြုံဆုံခဲ့ကြလျှင် စိတ်ဓါတ်ကျ အားမလျှော့ပဲ ဘုရားသခင်၏ မျက်နှာ တစ်ခုတည်းကိုသာ သတိရ ကြည့်ရှုရန် ဤ စာမျက်နှာမှ တဆင့် ခွန်အားပေးလိုက်ပါသည်။

၁ကော ၁၆း၁၃-၁၄၊ သင်တို့သည် သတိနှင့် စောင့်ကြလော့။ ယုံကြည်ခြင်း၌ တည်ကြလော့။ ယောကျ်ား အစွမ်း သတ္တိနှင့် တကွ ခွန်အားစုံလင်လျက် နေကြလော့။ သင်တို့သည် ခပ်သိမ်းသော အမှုတို့ ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင် ရွက်ကြလော့။
*ဓိအုန်သတို့သမီး*

---


## ညာလို့မရဘူး *(မင်းထွန်းသက်လွင်)*



ကျွန်တော် စက်ာပူ ရောက်စတုန်းက အိမ်ကနေ ဘုရားကျောင်းကို အသွား ရထား ပေါ်မှာ အမှတ်မထင် ကောင်မလေး တစ်ယောက်နဲ့ ဆုံခဲ့ဖူးပါတယ်။ သူမရဲ့ ဝတ်စား ဆင်ယင်ပုံကို ကြည့်လိုက်တော့ စက်ာပူနိုင်ငံသားက တရုတ်မလေး ပုံစံမျိုးပါဘဲ (တကယ့် ကို စလုံး တရုတ်မလေးနဲ့ ချွတ်စွပ် တူတာပါ) ဒါပေမယ့် သူဟာ မြန်မာမလေး တစ်ယောက် ဆိုတာ ကိုတော့ ကျွန်တော့်စိတ်ထဲက အလိုလို သိနေတယ်လေ (ဒါက သွေးက စကား ပြောတာ)။ မြန်မာမလေးမှန်း ပိုသေချာသွားစေတာကတော့ သူလွယ်ထားတဲ့ စလင်းဘတ် (Slim Bag) မဟုတ်တဲ့ ဘစ်ဘတ် (Big Bag) ထဲက ဟန်းဖုန်းနဲ့ နေ့စဉ် ခွန်အား (မြန်မာလို) စာအုပ်တို့က အပြင်ကို ထွက်ကျလုမတတ် ဖြစ်နေပါတယ်။ ဒါနဲ့ ကျွန်တော်လဲ စိတ်ရင်း စိတ်ထားက ကောင်းတော့ (ကူညီချင်တတ်တဲ့စိတ် ရှိလို့) သူ့အနားကို ကပ်သွား မိပါတယ်။ အမှန်တကယ် ကျွန်တော် ပြောရမယ့် စကားက တိုတိုနဲ့ လိုရင်း (အစ်မ ဟန်းဖုန်း နဲ့ စာအုပ် အိတ်ထဲက ထွက်ကျတော့မယ်) ဒါပေမယ့် ကျွန်တော့် ပါးစပ်က ထွက်သွားတာက (အစ်မ အစ်မက မြန်မာလား ဟင် ...) ကိုယ့်ထက် ငယ်မှန်း သိပေမယ့် မြန်မာ့ ယဉ်ကျေးမှုအရ အစ်မ လို့ ခေါ်လိုက် မိတာက တစ်ကြောင်း၊ လူကြား သူကြားမှာ မြန်မာလို ပြောလိုက်မိတာက တစ်ကြောင်းကြောင့် ထင်ပါရဲ့ ကောင်မလေးက ကျွန်တော့်ကို အကြည့် စူးစူး တစ်ချက် ကြည့်ပြီး လူနှစ်ယောက်စာလောက် ကျော်ကာ အဝေးမှာ သွားရပ်ပါတယ်။ ကျွန်တော်လဲ ထူပူသွားပြီး ဘာလုပ်ရမှန်း မသိကာ "သွားပြီ ငါတော့ လူမှား သွားပြီး ထင်တယ်" လို့ စဉ်းစားနေတုံးမှာဘဲ ကောင်မလေးကလဲ ရှက်ရှက်နဲ့ စောစောက ပြုတ်ကျတော့မယ့် ဟန်းဖုန်းကို သွားစမ်းမိကာ အရှက်ပြေ (သူငယ်ချင်းကို ထင်ပါရဲ့) ဖုန်းခေါ်ပြီး ဘိုလို စွတ် တွတ် ပါတော့တယ်။ ပြုတ်ကျတော့မယ့် ဟန်းဖုန်းနဲ့ စာအုပ်ကို ပြောစရာ မလိုတော့ဘူးပေါ့။ ဒါပေမယ့် စိတ်ထဲမှာတော့ ကလိကလိ ...။ ဥက တစ်ကယ်ဘဲ စင်ကာပူနိုင်ငံသူ တရုတ်မလေး လားပေါ့။ တရုတ်မဆို ဘာလို့ နေ့စဉ် ခွန်အား (မြန်မာလို) စာအုပ်က အိတ်ထဲမှာရှိနေရတာလဲ...။ မြန်မာမလေး ဆိုရင်လဲ ဘာလို့ အဝေးမှာ သွားရပ်ပြီး မြန်မာမှန်း မသိအောင် ဘိုလို တလမ်းလုံး ရွှတ်နေရတာလဲပေါ့။ မကြာခင်မှာဘဲ Novena ဘူတာကို ဆိုက်ရောက် လာပါတယ်။ အဲဒီ ကောင်မလေးလဲ Novena မှာ ဆင်းမယ်ထင်ပါရဲ့၊ (သိနေတယ်လေ သူလဲ ဘုရားကျောင်းပဲ သွားမယ်ဆိုတာ) သူက ဖုန်းပြောပြီးလို့ ဖုန်းကို အိတ်ထဲအထည့် ရထားကလဲ ရုတ်တရက် ဘရိတ် အအုပ်၊ ကောင်မလေး ပါးစပ်က "အမလေး ဘုရားသခင်" ဆိုတဲ့ ဗမာစကား ပီပီသသကြီး ထွက်လာပါတော့ တယ် ...။ ဟိ ဟိ ထင်သားဘဲ ... ငါ့ကို ညာလို့မရပါဘူးလို့ ...။

---

## နိယာမနှင့် နိယာမအရှင် Samuel Soe Lwin



"နှုတ်ကပတ်တော်ကို မထီမဲ့မြင် ပြုသောသူသည် ပျက်စီးလိမ့်မည်။ ပညတ် တရား တော်ကို ခန့်ညားသောသူမူကား ချမ်းသာရလိမ့်မည်" ( သုတ္တံ ၁၃း၁၃)။ ယနေ့မျက်မှောက်ခေတ်တွင် ဘုရားကို ယုံကြည်သူ သား၊ သမီးများသည် အဘယ့်ကြောင့် ဘုရားအတွက်၊ အများအတွက် အလင်းတရားများ မဖြစ်ကြ သနည်း။ အဘယ့်ကြောင့် ကာယ၊ စိတ္တ၊ သုခနှစ်ဖြာကို မခံစားကြရသနည်း။ အကြောင်း အရင်းကိုစစ်သော် "အရင်းစစ် အမြစ်ပေါ်" ဆိုသော စကားအတိုင်း ပြဿနာ၏ အရင်းအမြစ်သည်ကား နှုတ်ကပတ်တော်တည်းဟူသော အသက်၏ အရင်းအမြစ်ကို ယုံကြည်သူများက ဥပေက္ခာပြုသော အမှုကိစ္စများကြောင့်ပင် ဖြစ်လေ တော့သည်။

၁။ သုတ္တံကျမ်း။

အတွေ့အကြုံ၊ ဖြစ်ရပ်မှန်၊ သဘာဝကျကျ၊ လက်တွေ့ဖြစ်သော သဘာဝယုတ္တိ၊ အာဂမယုတ္တိ များကို မိမိကိုယ်တိုင်ခံစားရမှုများကို လိုရင်းတိုရှင်းဖြင့် ချုံ့ကာပြောဆိုခြင်းကို သုတ္တံစကား (သို့) စကားပုံဟူ၍ခေါ်ပါသည်။ ၄င်းသုတ္တံစကား (သို့) စကားပုံတို့သည် ခေတ်ကာလအဆက်ဆက်ကပင် လက်ဆင့်ကမ်း သယ်ဆောင် လာကြသည်မှာ ယနေ့ခေတ်တိုင်ပင် မရိုးနိုင်သော အလေ့အထ ကောင်းပင်ဖြစ်လေတော့သည်။ "ဤသုတ္တံကျမ်းသည် စာပန်းချီ အလှဖွဲ့ခြင်း မဟုတ်သလို၊ လူမှုရေး အဘိဓါန်လည်း မဟုတ်၊ ဘဝအောင်မြင်ရေး သော့ချက်ဖြစ်၍၊ မိုက်မဲခြင်းနှင့် ပညာရေးတို့၏ ဆိုးမှု ကောင်းမှုတို့ကို စံနမူနာယူစရာအဖြစ် ခွဲခြမ်းစိတ်ဖြာခြင်းပင်ဖြစ်သည်" ဟူသော ဒါရဲက်ကဒ်နာက ဆိုခဲ့လေသည်။ သုတ္တံကျမ်းသည် ယနေ့ ရောင်းအားကောင်း စာရင်းဝင်ဖြစ်သော "Lord Chesterfield ၏ Letters to His son and others" စာအုပ်ထက်ပင် အာမခံချက် အပြည့်ပေးကာ လက်တွေ့ဆန်ဆန်မှသာ သဘောကျသော ယုံကြည်သူ များအတွက် ဒိဋ္ဌကိုယ်တွေ့ အကျိုးထူးကို ခံစားရရှိနိုင်သော သုတ္တံ တရားတော်ပင်ဖြစ်လေသည်။ ထို့ကြောင့်လည်း ဆာလံဆရာက "အို.. .. ထာဝရဘုရား နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏" ( ဆာလံ ၁၁၉း၈၉) ဟူ၍ ထုတ်ဖော်ဝန်ခံခဲ့ခြင်းပင်ဖြစ်လေသည်။

၂။ နှုတ်ကပတ်တော်။ ။နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုသောသူသည် ပျက်စီးလိမ့်မည်။( သုတ္တံ ၁၃း၁၃) ဟူ၍ ဆိုထားသောကြောင့်၊ ဤနေရာတွင် အထူး သတိပြုဆင်ခြင်ရန်မှာ " သတိမမူ ဂူမမြင်၊ သတိမူက မြူပင်မြင်" ဆိုသော စကားအတိုင်း၊ အဘယ့်ကြောင့် နှုတ်ကပတ်တော်ကို မထီမဲ့မြင် မပြုသင့်သနည်းဆိုသော အကြောင်းအရာကို စေ့စေ့ငုငုကြည့်မည်ဆိုပါက အောက်ပါအတိုင်းမြင်တွေ့နိုင်ပါသည်။

က။ နှုတ်ကပတ်တော်တည်းဟူသော ယေရှုခရစ်တော်။

ရှင်ယောဟန်ခရစ်ဝင် ၁း၁ တွင်ကြည့်ပါက " အစအဦး၌ နှုတ်ကပတ်တော် ရှိ၏၊ နှုတ်ကပတ်တော် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော် သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏ " ဟူ၍တွေ့ရပါသည်။ ထို့ကြောင့် ဤနေရာတွင် နှုတ်ကပတ်တော်သည် ယေရှုခရစ်တော်ပင်ဖြစ်သောကြောင့် နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုခြင်းသည် ယေရှုခရစ်တော်ကို မထီမဲ့မြင် ပြုခြင်းပင်ဖြစ်လေသည်။ ထို့ကြောင့် "မိဘအား စော်ကား မော်ကားပြုသူ" သည် ဘယ်သောအခါမျှ မကောင်းစားနိုင်သကဲ့သို့ နှုတ်ကပတ်တော်အား မထီမဲ့မြင်ပြုသောသူသည်လည်း ကောင်းစားရန်ကား လမ်းစပင်မမြင်နိုင်တော့ပေ။

ခ။ နှုတ်ကပတ်တော်တည်းဟူသော ဘုရားစကားတော်။

နှုတ်ကပတ်တော် (သို့) စကားဟူသည် ဘုရားမြတ်၏ နှုတ်တော်ထွက်ပင်ဖြစ်သောကြောင့် ဘုရားနှင့် စကားကို ခွဲခြားမရသည့်နည်းတူ၊ နှုတ်ကပတ်တော်နှင့် ဘုရားရှင်သည် တလုံးတဝတည်းပင်ဖြစ်လေသည်။ "ပုဂ္ဂိုလ်ခင်မှ တရားမင်" ဆိုသောစကားအတိုင်း ဘုရားမြတ်ရှင်အား ခန့်ညားရှိသေသော သူသည် ဘုရား စကားတော်အားလည်း ခန့်ညားရှိသေခြင်းရှိပေလိမ့်မည်။ ဘုရားရှင်ကိုကား ခန့်ညား ရှိသေပါသည်၊ စကားတော် (သို့) နှုတ်တော်ထွက်ကိုကား ရှိသေ ခန့်ညားခြင်းမရှိပါဟု ဆိုက ထိုသူသည် ရှေ့နောက် မညီသောသူ၊ သို့မဟုတ် အပြောနှင့် လက်တွေ့မကျသော လေသိုင်းသမားပင်ဖြစ်လေပေတော့မည် ( ဟေရှာယ ၅၅း၁၁)။

ယနေ့ရေပန်းစားနေသော စကားပုံတစ်ခုမှာ "ပြန်မပြော နားမထောင်" ဆိုသည့် လောကီစကားပုံပင်ဖြစ်လေသည်။ ဤစကားပုံတို့ကိုကား ယုံကြည်သူ သားသမီးတို့သည် လုံးဝ လက်ကိုင်မပြုသင့်ပေ။ ထို့ကြောင့်လည်း ကောင်းကြီး မင်္ဂလာကို မခံစားရတော့ပဲ လောကအတွက် အလင်းလည်းမဖြစ်သလို၊ ဘုရား သာသနာ အတွက်လည်း ဆူးညှောင့်ခလုတ်ကန်သင်း ဖြစ်နေကြခြင်းပင်ဖြစ်သည်။

ဤအရာတွင် ရှင်းလင်းသေချာစေရန် သင်္ချာ ညီမျှခြင်းနှင့်တကွ ရှင်းလင်း ပြရပါက–

(ဘုရားနှင့် + ဘုရားစကား + နှုတ်ကပတ်တော် = တစ်လုံးတစ်ဝတည်းဖြစ်ခြင်း)

(နှုတ်ကပတ်တော် + မနာခံခြင်း = မထီမဲ့မြင်ပြုခြင်း)

(မထီမဲ့မြင်ပြုခြင်း + အသက်တာ = ပျက်စီးခြင်း) တို့ပင်ဖြစ်လေသည်။

၃။ မထီမဲ့မြင်ပြုခြင်းအ ကျိုးရလဒ်။

နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုသောသူတို့ကို ဘုရားရှင်က အစဉ်အမြဲ မျက်စိဒေါက်ထောက်ကာ စောင့်၍ အမင်္ဂလာ ကိုပေးနေပါသလား။ သို့မဟုတ် အစဉ်အမြဲပင် ကျိန်စာတိုက်နေပါသလား။ အဖြေမှာကား ထိုသို့မဟုတ်ပါ။ "မေတ္တာသည် အလျားအနံ မရှိသော်လည်း အသွားအပြန်ရှိသည်" ဆိုသော လောက စကားပုံ အတိုင်းပင် "စိုက်သည့်အတိုင်း" ဆိုသော နိယာမနှင့်အညီ ကျွန်ုပ်တို့



*သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၈ ။ ဩဂုတ်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။*

အရှိန်တွန်းကန် အားနှင့် ထပ်တူထပ်မျှ အကျိုးကို မိမိသာပြန်ခံစားကြရခြင်း ပင်ဖြစ်သည်။ "အလွဲမယူကြနှင့် ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မိမိ မျိုးစေ့ကြဲသည့်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်" ( ဂလာတိ ၆း၇)။ ဤနေရာတွင် အလျှဉ်းသင့်သဖြင့် အင်္ဂလိပ်စကား တွင်ကြည့်ပါက "Be not deceived; God is not mocked" ဟူ၍ ဘုရားရှင်အား ကျွန်ုပ်တို့ မည်သို့မှ လှည့်စား၍ မရကြောင်းနှင့် ပမာမခန့်လုပ်ရန် မတတ်စွမ်းနိုင်ကြောင်း တွေ့ရလေသည်။

လူတိုင်းသိသည့် ပမာတစ်ခုဖြင့်ပြရပါက မြန်မာဖတ်စာတွင် တစ်ချိန်က စာရေးသူ အတော်ကလေးနှစ်ခြိုက်မိသည့် ခေါင်းစဉ်တစ်ခုမှာ " ဆရာကို အာခံ အာခေါင်လုံစူး" ဆိုသော အရာပင်ဖြစ်သည်။ အရိုးရှင်းဆုံးဖြင့် ဆိုရပါက "ဗျိုင်း" သတ္တဝါ၏ ငါးဖမ်းပုံနှင့် ငါးအားပင့်မြောက်လိုက်၊ ဆော့ကစားလိုက်နှင့် ကျင့်သားရနေသည့်အတိုင်း အဆုံးတွင် ငါးကို စားသောက်တတ်သည်ကို အစဉ်အမြဲ မြင်တွေ့နေရာမှ၊ အားကျအတုယူကာ လုလင်ငယ်တစ်ဦးသည် မိမိအနားရှိ ပစ္စည်းကလေးများဖြင့် ဆော့ကစားရင်း နောက်ဆုံးတွင် အန္တရယ်များလှသော လုံးသွားထက်ထက်ကိုပင် ကစားပြ တတ်လာသဖြင့်တမဟုတ်ခြင်း နာမည်ထင်ရှားလာရာမှ "ပြည့်ရှင်ဘုရင်" မင်း၏ ဖိတ်ကြားခြင်းကို ခံရကာ၊ ခန်းနားတင့်တယ်စွာဖြင့် မိမိ၏ အတတ် ပညာကို ပြရန် အချိန်အခါကောင်း အားရပါးရပြသအပြီး၊ နှစ်ထောင်းအားရ ဖြစ်တော်မူသော ပြည့်ရှင်မင်းကြီးက "သင်၏ ဆရာသည် မည်သူဖြစ်သနည်း" ဆိုသော အမေးစကားကလေးတစ်ခွန်းကို မေးလာသောအခါတွင် ၊ မိမိ၏ ဆရာသည် "ဗျိုင်း" ကလေးပင်ဖြစ်သည်ဟု ပြောရမည့်အရေးကို မထီမဲ့မြင်ပြုကာ ဆရာမရှိပါဟု ပြောအပြီး နောက်တစ်ကြိမ်ကစားခိုင်းရာတွင် လုလင်ငယ်သည် "ဆရာကာပြန် အာခေါင်လုံစူး" ၍ သေပွဲဝင်ခဲ့ရလေသည်။

ထိုအချိန်တွင် "ဗျိုင်း" ကလေးသည် သူ၏ အတတ်ပညာကိုကြည့်ကာ လူသား တစ်ဦးက အသက်မွေးဝမ်းကြောင်းပြုနေသည်ကို မသိသလို၊ သူ့အား မထီမဲ့မြင် ပြုနေသည်ဟုလည်း မသိရှိရိုးအမှန်ပင်ဖြစ်သော်လည်း၊ နိယာမတရားအတိုင်း လုလင်ငယ်၏ ဘဝသည် အဆုံးသတ်မလှမပ ဖြစ်ရလေသည်။ သတ္တဝါကိုပင် မထီမဲ့မြင်ပြု၍ ထိုသို့ဖြစ်ပါက၊ ထာဝရ ဘုရားမြတ်ရှင်ကို မထီမဲ့မြင်ပြုခြင်းသည် ကား သာ၍ သတိမူသင့်သော အရာပင်ဖြစ်သည်။

၄။ သမ္မာကျမ်းမှ သာဓကများ။

က။ ယေရောဗောင်။ ဣသရေလတို့၏ ဘုရင်တို့သည် အစဉ်အဆက်က ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို အစဉ်လေးစားသမှုပြုခဲ့သောကြောင့် တိုင်းသိပြည်သိ ကောင်းစား ခြင်းတို့သည် အခြားအရပ်တပါးသို့ တိုင်အောင် ပြန့်နှံ့ခဲ့ လေသည်။ သို့သော် ယေရောဗောင်လက်ထက်တွင်ကား ထိုသို့ မဟုတ်ခဲ့တော့။ အကြောင်းအရင်း မှာကား နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုသော အကျိုးဆက် များကြောင့်ပင်ဖြစ်သည်။ ထိုအရာအတွက် ထာဝရဘုရားမြတ်ရှင်၏ မိန့်တော်မူ ချက်မှာကား "သင်မူကား .. .. .. ငါ့ကို သင့်ကျောနောက်သို့ပစ်ထားပြီ" ( ၃ ရာ ၁၄း၉ ) ဟူ၍ပင် ဖြစ်သည်။ဘုရားရှင်အား မည်သူတစ်ဦးတစ်ယောက်ကမှ လိမ်ညာ ကစား၊ တူတူပုန်း တမ်း ကစားခြင်းပြု၍မရသည်ကို သတိချပ်သင့်သည် ထို့အတွက်ကြောင့်ပင် ယေရော ဗောင် ရင်ဆိုင်ခဲ့ရသော အကျိုးဆက်များကား – အမျိုးပယ်ဖြတ်ခံရခြင်း။ မြို့တွင်သေသူရုပ်အလောင်းတို့အား မမြုပ်နှံရပဲ ခွေးစားခံရခြင်း။ မြို့ပြင်သေသူ ရုပ်အလောင်းတို့အား လင်းတစာ အဖြစ်ပြုခံရခြင်း စသော အကျိုးဆက်များတို့သည်ကား မထီမဲ့မြင်ပြုခြင်း၏ အကျိုးပင်ဖြစ်သည်။

"ငှက်ပျောပင်စိုက် မိလိုက်ဖသာ" ဆိုသော မြန်မာစကား ဆိုရိုးအတိုင်း ပင်ဖြစ်သော်လည်း ဘုရားရှင်သည်ကား တရားမျှတသော ဘုရားဖြစ်ကြောင်းကို ဆက်လက်၍ တွေ့မြင်ရသည်မှာ " ယေရောဗောင်၏ အမျိုးသားစုတွင်၊ ထိုသူငယ် (သား) တစ်ယောက်တည်းသာ သင်္ဂြိုဟ်ခြင်းကိုခံရလိမ့်မည်။ အကြောင်းမူကား၊ ယေရောဗောင် အမျိုးသားစုတွင် ထိုသူငယ်တစ်ယောက်သည် ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၌ ကြည်ညိုသောစိတ်ရှိ၏" ( ၃ ရာ ၁၄း၁၃ ) ဟူ၍ မိဘဖြစ်သူက အမွေမပေးသော အမြတ်ဆုံးသော ဘုရားရတနာကို အသက်ရှင်စဉ်ခိုက်တွင် အရယူနိုင်သောသူဖြစ်သည့် သားဖြစ်သူ အဘိယသည်ကား လူလူသူသူဖြင့် ကောင်းမွန်စွာ ဘဝနိဂုံးကို ထာဝရဘုရား၌သာ ခိုလှုံခွင့်ရခဲ့လေသည်။

ခ။ ဧလိနှင့်မိသားစု။

ယနေ့ယုံကြည်သူအသိုင်းအဝိုင်းတွင် ဧလိကဲ့သို့သော မိသားစုများသောကြောင့် လောကတွင် "အမှုတော်ဆောင်များ တိုးပွားရမည့်အစား" "အမှောင် တော်စုများ တိုးပွားနေခြင်းပင်" ဖြစ်သည်။ "ထိုသူ၏ သားတို့သည် ကိုယ်ယုတ်မာသည့်တိုင်အောင်၊ ကိုယ်ပြုသော ဒုစရိုက်အပြစ်ကို သူသိသော်လည်း ကျပ်တည်းစွာ မဆုံးမသောကြောင့်" ဟူသော ဘုရားရှင်မြတ်၏ မှတ်ချက်ပေးခြင်းကို ခံရလေသည်။ အကြောင်းမှာ ဧလိသည် ထာဝရဘုရားမြတ်ရှင်၏ နှုတ် ကပတ်တော်လာ စကားတော်ကို မထီမဲ့မြင်ပြုကာ မှားခဲ့သော အပြုအမူကြောင့် မြန်မာစကားပုံနှင့် ချိန်ထိုးပြရပါက– အမိယုတ်သား နှုတ်အာကြမ်းသည်။ အဖယုတ် သားကိုယ်မူကြမ်းသည် ဆိုသည့် အတိုင်း ဘုရားမြတ်အားငှင်း၊ နှုတ်ကပတ်တော်အားငှင်း မထီမဲ့မြင်ပြုခဲ့သောကြောင့် အဆုံးတွင် ပျက်စီးခဲ့ကြရ လေသည်။ ထိုမျှ သာမက ဧလိ၏ စစ်မှန်သော ဖခင်မေတ္တာစိတ်ကင်းမဲ့မှုကို ကျွန်ုပ်တို့ သိရှိနိုင်သည့်အရာမှာ " သင်၏ သားတို့ကို ငါ့အပေါ်မှာ အဘယ့်ကြောင့် ချီးမြောက်သနည်း။" ( ၁ ရာ ၂း၂၉ ) ဆိုသော ဘုရားမြတ်၏ စကားတော်ကို ဧလိသည် မည်သို့မှ ခွန်းတုန့်မပြန်နိုင်ခဲ့ရသည့်အကြောင်းက "ဆိတ်ဆိတ်နေ ဝန်ခံသည်" ဆိုသော စကားအတိုင်း ၊ ဘုရားထက် သားများကို ဦးစားပေး မှားခဲ့လေ ကြောင်းကို တွေ့သိရ လေသည်။

၅။ အဘယ့်ကြောင့် မထီမဲ့မြင်ပြုကြသနည်း။

နှုတ်ကပတ်တော်၌ ကြီးထွားခြင်း၊ မသိကျွမ်းခြင်းတို့ကြောင့်ပင်ဖြစ်သည်။ လူသည် အသိတရားမဲ့ဖြင့် အသက်ရှင်၍ မရပါ၊ အသိတရားဖြင့်သာ အသက် ရှင်ကြသလိုယုံကြည်သူတို့သည်လည်း နှုတ်ကပတ်တော်အားဖြင့်သာ အသက်ရှင်သန်ကြရလေသည်။ ထို့ကြောင့်လည်း " လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရား ( နှုတ်ကပတ်တော်) ကို သိစေခြင်းငှါ ဘုရားသခင် အလိုတော်ရှိ၏" ( ၁ တိ ၂း၄ ) ဟူ၍ ဘုရားမြတ်က မိန့်မှာထားခြင်းပင်ဖြစ်သည်။

ဤအကြောင်းအရာတို့သည်ကား ကျွန်ုပ်တို့လောကတွင် အသက်ရှင်စဉ်ခိုက် ဘုရားအတွက် အများအတွက် အလင်းနှင့် ကောင်းကြီးမင်္ဂလာရှိသော အသက်တာဖြင့် အသက်ရှင်နိုင်ရေးပင်ဖြစ်သည်။ သို့သော် ယနေ့ ယုံကြည်သူများတို့ကို နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုကြသောကြောင့် ဘုရားမြတ်ရှင်က " ငါ့လူ တို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးခြင်းသို့ ရောက်ကြ၏" ( ဟောရှေ ၄း၆ ) ဟုအတိအလင်းဖွင့်ပြထားလေသည်။ မြန်မာစကားပုံတွင် " မရှိတာထက် မသိတာ ခက်" သည်ဟု ပြဆိုသည် စာရေးသူအနေဖြင့်မူကား ထပ်ပေါင်း ထည့်လိုသည်မှာ " မရှိတာထက် မသိတာခက်၊ မသိတာထက် မသိချင်တာက ပို၍ခက်" သည် ဟူ၍ပင်တည်း။ အကြောင်းအရင်းကို ပြရပါသော် လူသည် "လိုလျှင် ကြံဆနည်းလမ်းရ" ဆိုထားသလို၊ နှုတ်ကပတ်တော်ကလည်း " ဖြောင့်မတ်သောသူ၏ တောင့်တ သော အကျိုးကိုကား ထာဝရဘုရားပေးတော်မူမည်" ( သုတ္တံ ၁၀း ၂၄ ) မဟုတ်ပါလား။ ထို့ကြောင့် နှုတ်ကပတ်တော်ကို လူတို့သည် မသိသောကြောက် ထာဝရ ဘုရားမြတ်အား ချစ်ကြောက်ရိုသေရကောင်းမှန်း မသိသော အသက်တာဖြင့် ခရီး ဆက်နေသောကြောင့် အဘယ်မှာလျှင် ကောင်းကြီးမင်္ဂလာ ဖြစ်လာနိုင်ပါတော့အံ့နည်း။ "မသိ၍ မရှိသေ၊ မရှိသေ၍ သတင်းမဖြစ်၊ သတင်းမဖြစ်၍ အလင်းမပါ၊ အလင်းမပါ၍ ဘုန်းမထင်ရှား၊ ဘုန်းမထင်ရှား၍ ကောင်းကြီးမလာ" စသော ဂျာအေး သူ့အမေရိုက် အသက်တာဖြင့် လုံးခြာလည် လိုက် နေရလေတော့သည်သာတည်း။

၆။ ခန့်ညားသောသူ ချမ်းသာရ။

သုတ္တံ ၁၃း၁၃ ၌ ပညာတ်တရားတော်ကို ခန့်ညားသောသူမူကား ချမ်းသာရလိမ့်မည်ဟူ၍ ဆိုထားပါသည်။ လောကတွင် "ဆုပေး ဒါဏ်ပေးစနစ်" ရှိသည့်နည်းတူ၊ မထီမဲ့မြင်ပြုသူသည် ပျက်စီးပါက၊ ခန့်ညားသောသူသည် ချမ်းသာရမည်မှာ သဘာဝကျလှသည် မဟုတ်ပါလား။ ထို့ကြောင့် မည်သို့ ခန့်ညားရမည်နည်း။ ဆိုသော မေးခွန်းသည် နေ့စဉ်အသက်တာတွင် မေးစရာ မေးခွန်းဖြစ်လာပေတော့သည်။

က။ ကောင်းတာမှန်သမျှပြုရမည်လော။

"ဟာ. . . ကောင်းတာတော့ အားလုံးလုပ်သင့်တာပေါ့၊ ကောင်းမှု တစ်ခု နေ့စဉ်ပြုလို့ ဆိုထားတာပဲ မဟုတ်လား" ဟူ၍ စာရှုသူများ စောဒက တက်လိုက တက်ကြပေမည်။ သို့သော် နှုတ်ကပတ်တော်နည်းအရမူကား "



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၈ ။ ဩဂုတ်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

သို့ဖြစ်၍ ငါ၏ အစားအသောက်သည် ငါ့ညီအကိုကို မှားယွင်းစေလျှင် ငါ့ညီအကိုၪ မှားယွင်း စရာ အကြောင်းမရှိစေခြင်းငှါ အမဲသားကို အစဉ်မပြတ်ရှောင်မည်” ဟူ၍ ဆိုသော စကားကို အစဉ်မမေ့သင့်ပေ။ လောကတွင် လူတို့က သတ်မှတ်ထားသော ကောင်းသောအရာများတို့သည် နှုတ်ကပတ်တော်နှင့် ချိန်ထိုးကြည့်၍ မကိုက်ပါက ပယ်ရှောင်ရပေမည်။ အကြောင်းမူကား “ ယဇ်ပူဇော်ခြင်းထက် နာခံခြင်းကို ဘုရားရှင် သာ၍ အလိုတော်ရှိ”ပေသည်။

ခ။ ခပ်သိမ်းတို့သည် ဘုန်းတော်အတွက်သာဖြစ်ရမည်။

ကျွန်ုပ်တို့သည် ပညာတ်တရားအောက်တွင် လုံး၀ ( လုံး၀ ) မရှိကြတော့ပေ၊ ကျေးဇူးတရားအားဖြင့်သာ အသက်ရှင်နေကြသူများပင်ဖြစ်သည်။ သို့သော်လူတစ်ချို့၏ အလွဲယူ နေကြသော ကျေးဇူးတရားကို မှောက်လှန် နေကြသော သူများကို စကားပုံတစ်ခုဖြင့် ပြောရပါက ။ မြန်မာနိုင်ငံ၏ ခေါင်း ဆောင်ကြီး က “လွတ်လပ်ရေးဟူသည် ထင်ရာ စိုင်းဘို့ မဟုတ်” ဟုဆိုခဲ့သကဲ့သို့ “ကျေးဇူး တရားသည်လည်း ထင်ရာ စိုင်း ဘို့ မဟုတ်” ကြောင်းကို ရှင်ပေါလုက အတိအလင်းဆိုခဲ့လေသည်(၁ကော ၁၀:၃၀ )။ လောကအတွက် သူတပါးအတွက် အလင်း၊ ကောင်းကြီးမင်္ဂလာ ဖြစ်လိုသောသူသည် နှုတ်ကပတ်ကို အောက်ပါအတိုင်း ခန့်ညားရပေမည်။ ၄င်းတို့မှာ – စားသော်၄င်း။ သောက်သော်၄င်း။ မည်သည့် ( ဘယ်အရာ ) အမှုကို ပြုသော်၄င်း။ ထိုပြုသမျှတို့သည် ဘုရားသခင့်ဘုန်းတော်အတွက် ( သို့ ) ဘုရား မြတ်၏နှုတ်ကပတ်တော်နှင့် အညီလုပ်ဆောင်ရေးပင်ဖြစ်သည်။ “ အိမ်မှာခေါင်၊ ထီးမှာ ခရိုင်၊ လူမှာ ဘုရား” ဖြစ်နေလျှင် မည်သည့်ကာလ၊ မည်သည့်နေရာ၊ မည်သည့် အလုပ်မှာပင် ဖြစ်နေပါစေ သင်သည် လောကအတွက် အလင်း၊ ဘုရားအတွက် သတင်း၊ လောကီ ၊ လောကုတ္တရာအတွက် အကျိုးပြုသောသူ ဖြစ်လာပေတော့ မည်ကား မြေကြီးလက်ခတ်မလွဲပါ။

၇။ မြန်မာ့စကားပုံများကို ချိန်ထိုးကြည့်ခြင်း။

နှုတ်ကပတ်တော်ကို မည်မျှအားကိုးခိုလှုံကိုးစားနိုင်ကြောင်းကို မြန်မာ စကားပုံများဖြင့် ပြရပါက “ မိဘစကား နား၀ယ်ထား မှားတယ်များ ကြားဘူး ပါသလားကွယ်” ဟူသော သီချင်းလိုပင်ဖြစ်သည်။ ၄င်းအရာကို နှုတ်ကပတ်တော်က “ သားသမီးတို့ သခင်ဘုရား၏ အလိုတော်နှင့်အညီ မိဘ စကားကို နားထောင်ကြလော့. . . မိဘကို ရိုသေစွာပြုလော့။ ဤ ပညတ်သည်ကား သင်သည် ပြည်တော်၌ ကောင်းစား၍ အသက်တာရှည်မည့်အကြောင်း” ဟူ၍ ( ဧဖက် ၆း၁–၃) တွေ့ရပါသည်။ အထက်ပါစကားရပ်နှစ်ခု၏ အကျိုး သက်ရောက်မှုကိုကား စာရေးသူ ကိုယ်တွေ့ဖြင့် ရဲရဲကြီး အာမခံရဲပါသည်။ “ မိဘ မျက်ရည် တစ်စက်၊ သားသမီး ဘ၀တစ်သက်” “ ကျေးဇူးမဆပ်နိုင်ရင်လေ ကျေးဇူး မကန်းလေနှင့်” စသော စကားတို့သည် ဘ၀အတွက် ကောင်းစားရေးတွင် သား သမီးတို့ ထားရှိအပ်သည့် ၀တ္တရားများပင်ဖြစ်သည်။

အခြား ဆန့်ကျင်ဘက်တွင်ကြည့်ပါက “ အကြင်သူသည် မိဘကို ကျိန်ဆဲ ၏၊ ထိုသူ၏ မီးခွက်သည် ထူထပ်သော မှောင်မိုက်၌ သေလိမ့်မည်” ( သုတ္တံ ၂၀း၂၀)။ မိဘတို့မည်သည် မိမိတို့၏ သားသမီးတို့ကို မျက်စိ ဒေါက် ထောက်ကာ ဒုက္ခရောက်စေရန်အရေး ပြုနေကြလိမ့်မည်ကား မဟုတ်ပါ။ သို့သော် နှုတ်ကပတ်တော်လာ စကားအတိုင်း မိဘအပေါ်တွင် ပမာမခန့် ပြုသောသူသည် အမှန်ပင် နိယာမ တရားအတိုင်း ခံစားရမည်ကား ထာ၀ရ ဘုရားမြတ်၏ ထာ၀ရ နိယာမပင်ဖြစ်သည်။

၈။ ယောသပ်အသက်တာ အတုယူစရာ။

“ မိဘစကား နား၀ယ်ထား မှားတယ်များ ကြားဘူးပါသလား” ဟူ၍ လောက သားတို့က ဆိုနေလေသဖြင့်၊ တပြန်စာရေးသူ မေးလိုသည်မှာကား “ ထာ၀ရ ဘုရားစကား နာ၀ယ်ထား မှားတယ်များ မေးသင့်ပါရဲ့လား” ဟူ၍ပင် ဖြစ်သည်။ ယောသပ်အသက်တာတွင် ကြည့်ပါက လူထဲကလူ၊ သွေးသားဖြင့် သူလို၊ ငါလိုလူပင်ဖြစ်ငြားသော်လည်း အဘယ့်ကြောင့် မကောင်းမှုကို မပြုပဲ ရှောင်ဖယ် နိုင်ခဲ့ပါသနည်း? အဖြေသည်ကား – ထာ၀ရဘုရားအား၄င်း။ ထာ၀ရဘုရား၏ စကား တော်အား၄င်း။ ခန့်ညားခြင်းဖြင့် ။ စားသော်၄င်း ။ သောက်သော်၄င်း။ မည်သည့် အမှုကိုပြုသော်၄င်း။ ထာ၀ရဘုရား၏ ဘုန်းတော်အတွက်သာ ဦးတည် လုပ် ဆောင်သော အသက်တာကြောင့်ပင်ဖြစ်သည်။

သူ၏ အင်္ကျီကိုစွန့်၍ ပြေးပိုင်ခွင့်နှင့် အင်္ကျီကိုချွတ်ကာ အိပ်ပိုင်ခွင့်လည်း ရှိနေပါသည်။ သို့တိုင်အောင် ယောသပ်သည်ကား “ဤအမှုကိုကျွန်တော်ပြု၍ ဘုရားသခင်ကို အဘယ်သို့ပြစ်မှားနိုင်သနည်း” ဆိုသောစကားကိုကြည့်ခြင်းအားဖြင့် (ကမ္ဘာဦး ၃၉း၉) ယောသပ်သည် ထာ၀ရဘုရားနှင့် ထာ၀ရဘုရား၏ နှုတ်ကပတ်တော်ကို သိရှိနားလည် ခန့်ညားသောသူဖြစ်ကြောင်း သိရှိနိုင်ပါသည်။ အကြောင်းမှာ ပညာတ်တော် ဆယ်ပါးတွင် ပါ၀င်သော– သူများသားမယားကို မပြစ်မှားနှင့် ( ထွက် ၂၀း၁၄ ) ဆိုသော နှုတ်ကပတ်တော်ကိုသိသောကြောင့် “ဘုရားကိုယုံ၍ စကားတော်ကိုလည်း နာခံခဲ့ခြင်းပင်ဖြစ်သည်”။ ဤကား မဿဲ ၆း၃၃ ကိုပြည့်စုံစေသောကြောင့်၊ ကျွန်ဘ၀ ရောက်သည့်တိုင် လောကခံရဲ့ အထုအထောင်းကို ယောသပ် ရင်ဆိုင်ရသော်လည်း လူသားမိဘစကားထက် အာမခံချက် အပြည့်ရှိသော ထာ၀ရ ဘုရား၏ ချီးမြှောက်ခြင်းကိုခံခဲ့ရသည်မှာ သူ့ဘ၀တွင် လိုအပ်သော အရာမှန် သမျှတို့ကိုလည်း ရရှိခဲ့လေသည်။ ၄င်းတို့မှာ “ သင်လိုသမျှ ဆိုသော စကားအတိုင်း” ပြည့်စုံခွင့်ရခဲ့လေသည်မှာ — ဆိုင်ကော်၍ ခြုံပေါ် ရောက်ခြင်း မဟုတ်သော ဘုရင်အဖြစ်သို့၄င်း။ အမဲရိုးက ဟင်းအိုးမှ အားမနာဟု အပြောမခံရပဲ ဘုရင့်သမက်ဖြစ်ခြင်း။ ငကြွားဟု အပြောမခံရပဲ ပညာရှင်ဘ၀ ရောက်ခြင်းတို့ သည်ကား ထာ၀ရ ဘုရား၏ “ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းကို ရှေးဦးစွာ ရှာကြလော၊ နောက်မှ ထို ( လိုအပ်ရာ ) အရာများကို ထပ်၍ ပေးတော်မူလတ့်” ဆိုသော ကတိတော်စကား၏ သက်ရောက်မှုပင်ဖြစ်သည်။ တနည်းဆိုရပါက “နိယာမ အရှင်၏ ကောင်းကြီး မင်္ဂလာ” ပင်ဖြစ်လေတော့သည်။

၉။ နှုတ်ကပတ်တော်ကို ပြောင်းလဲစေနိုင်သလော။

အဖြေသည်ကား၊ မပြောင်းလဲစေနိုင်ပါ၊ မည်သူတစ်ဦးတစ်ယောက်ကမျှ မပြောင်းလဲစေနိုင်ပါပင်ဖြစ်သည်။ “ငါတို့သည် သမ္မာတရားကို ဆီးတားခြင်းငှါ အလျှဉ်းမတတ်နိုင်ကြ၊ သမ္မာတရားဘက်၌နေ၍သာတတ်နိုင်ကြ၏”(၂ ကော ၁၃း၈–၉)၊ ဤကား လက်တွေ့နှင့်ဆိုင်သော အဖိုးမဖြတ်နိုင်သည့် ရတနာ စကားပင် ဖြစ်လေသည်။ ဆီးတားခြင်းဟူသည်၊ မထီမဲ့မြင်ပြုခြင်းဖြစ်ပြီး ထိုသို့ပြုသူသည်သာ အဆုံး၌ အတိဒုက္ခရောက်ရပေလိမ့်မည်ကိုကား တမန်တော်ကြီး ရှင်ပေါလု၏ အသက်တာက မီးမောင်းထိုးပြနေပါသည် “ ရှောလု၊ ရှောလု၊ ငါ့ကို အဘယ့်ကြောင့် ညှင်းဆဲသနည်း၊ ဒုတ်ချွန်ကို ခြေနှင့် ကျောက်လျှင် ခက်လှသည်” ( တမန်တော် ၂၆း၁၄) ဟုဆိုသောအခါတွင် ခရစ်ယာန်များကို ညှင်းပန်းနှိပ်စက်နေသော ရှောလု သည် အဆုံး၌ ခရစ်တော်၌သာ ခိုလှုံရင်း ဘ၀ကို အဆုံးတိုင်အောင် နားခိုရာကို တွေ့မြင်ခဲ့သူပင်ဖြစ်သည် သာမက အဆုံးတိုင်အောင်လည်း ဘုရားအတွက် ဆက်ကပ် အသက်ရှင်သွားခဲ့သူပင်ဖြစ်သည်။

ပေါလု၏ “ သမ္မာတရားဘက်၌ နေ၍သာ တတ်နိုင်ကြ၏” ဆိုသော စကားနှင့်အညီ သူ၏ ဘ၀တွင် အခြားသော အဖိုးမဖြတ်နိုင်သည့် အတုယူစရာ စကားတစ်ခွန်းမှာ “ အဘယ်သူကို ငါယုံကြည်သည်ကို ငါသိ၏” ( ၂ တိ ၁း၁၂ ) ပင်ဖြစ်သည်။ ဘ၀တွင် အသက်ရှင်တော်မူသော ဘုရားမြတ်ကို မသိ၍ လွဲမှားစွာ အသက်ရှင်ခဲ့သော ပေါလုသည် အဆုံး၌ ဘ၀ခရီးကို ဖြောင့်ဖြူး ကောင်းမွန်စွာ အဆုံးသတ်နိုင်ခဲ့လေသည်။ ယနေ့ သုတ္တံ ၁၃း၁၃ မှ နှုတ်ကပတ်တော်အား မထီမဲ့မြင်ပြုကာ လောကတွင် “ အမှောင်တော်စု” အဖြစ် အသက်ရှင်ကြမည်လား? သို့တည်း မဟုတ် “ အမှုတော်ဆောင်” အဖြစ် မိမိအသက်တာကို အသက်ရှင်ကြမည်လား။ ဆိုသော အမေးစကားကို ပါးလိုက်ရင် ထာ၀ရဘုရား၏ ကတိတော် တစ်ခုဖြင့် အဆုံးသတ် လိုသည်မှာ “ ငါ့ကို ချီးမြှောက်သောသူကို ငါချီးမြှောက်မည်။ ငါ့ကို မထီမဲ့မြင် ပြုသောသူတို့သည် ဂုဏ်အသရေ ပျက်ရကြလိမ့်မည်” ( ၁ ရာ ၂း၃၀ ) ဆိုသော စကားတော်နှုတ်ကပတ်တော်အတိုင်း နှုတ်ကပတ် တရားတော်အား ခန့်ညားကာ အသက်ရှင်ကြပါစို့ဟု တိုက်တွန်းဝေငှ လိုက်ပါသည်။

နာမတော်မြတ်၌ Samuel Soe Lwin

----------------------------------------------------------------



## သက်သေခံချက် (O.M)

15-05-2010 စနေနေ့က

ကျမအင်တာဗျူးတစ်ခုသွားရပါတယ်၊ 2006 မှာ အိမ် ထောင်ကျ အလုပ်ကထွက်ပြီး စင်ကာပူကို အမျိုးသားနောက်လိုက်၍ ရောက်လာ ခဲ့ပါတယ်။ ထို အချိန် ကတည်းက ကလေးမွေး ကလေးထိန်း နဲ့ အိမ်မှာပဲနေပြီး အချိန် တွေကုန်ခဲ့

ပါတယ်။ အခု ကလေးကို ကျောင်းပို့၍လည်း အဆင်ပြေ နေချိန် ဖြစ်လို့ ဇန်နဝါရီလ လယ် မှာစတင်ပြီး အလုပ်လျှောက်ပါတယ်။ တစ်ပတ်အတွင်းမှာပဲ စတင်ပြီး အင်တာဗျူး တွေရပါတယ် ဒါပေမဲ့ အလုပ်နဲ့ကင်းကွာနေတာ လေးနှစ် ရှိနေတာမို့ English လိုမြန်မြန် ဆန်ဆန် ပြန်မပြောနိုင်တာကတကြောင်း ကလေး ကျောင်း မပို့ရသေးတဲ့အတွက်ကလေးက settle မဖြစ်သေးတာကြောင့်ချက်ချင်း အလုပ် မဆင်းနိုင်သေးတာတွေ နဲ့ အခုချိန်အထိ အလုပ်မရသေးပါဘူး။ ဒါပေမဲ့ ကျမ ယုံကြည်ပါတယ်။ ဘုရားက အချိန်တန်လျှင် ကျမနှင့် သင့်တော်တဲ့ အလုပ်တွေ့ရင် ကျမကို ပေးမယ်ဆိုတာ။ ဒီလ(မေလ) မှာစတင်ပြီး ကလေးကို ကျောင်းပို့ပါတယ်။ 12-05-2010 နေ့ မှာ အလုပ် တစ်ခုလျှောက်လိုက်ပါတယ်။ 13-05-201 မှာစတင်ပြီး ကျမကို အီးမေးနှင့် အရင် အင်တာဗျူးတွေလုပ်ခဲ့ပါတယ်။ သူက အခုဒီမှာ ရှိမနေတဲ့ အတွက်ကြောင့်ပါ နောက်ပြီး လခ အလုပ်ချိန် နေရာ စတင်ဆင်းရမဲ့ရက် အားလုံး ညှိနိုင်းအဆင်ပြေတယ် ဒါကြောင့် ဒီမှာရှိတဲ့ သူ့ရဲ့မန်နေဂျာနဲ့ သွား တွေ့ပါ ပြီးရင် ကျမကိုယ် Approve လုပ်ပေးမယ် ဘာဖြစ်လို့လည်းဆိုတော့ ကျမက ဒီမန်နေဂျာကို ကူပေးရမှာဖြစ်တယ် ဒါကြောင့် စနေနေ့ (15-05-2010 နံနက် 10.30 ) မှာ ကျမ သွားရမယ်။ မသွားခင် ကျမ ကျမ်းစာတစ်ပိုဒ်ကို သတိရလိုက်တယ်။ **ထာဝရ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ကိုးစားလော့ ၊ ကိုယ်ဉာဏ်ကို အမှီ မပြုနှင့်၊ သွားလေ ရာရာ၌ ထာဝရဘုရားကို မျက်မှောက် ပြုလော့၊ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။**

အရင်ဆုံး ကျမ်းစာဖတ်ပြီး ဆုတောင်းခဲ့တယ်။ ကျမမှာ အားနည်းချက်များစွာသာရှိပါတယ်။ ဘာအရည်ချင်းမှမရှိပါဘူး ဒါကြောင့် ဘုရား လက်ထဲကို အပ်နှံထားတယ်။ ဘုရားရှင်ဟာ ကျမနှင့်အတူတူရှိမှသာလျှင် ကျမအလုပ်ရမှာပါ ဟိုရောက်တော့မန်နေဂျာကလည်း ခရစ်ယာန်ဖြစ်နေတယ်။ အင်တာဗျူးဟာ အရမ်း အဆင်ပြေခဲ့ပါတယ် အကောင်းဆုံးကိုလုပ်နိုင်ခဲ့တယ်။ အလုပ်နှင့်ပတ်သက်တဲ့ ဗဟုသုတ တွေလည်းဖလှယ် ခဲ့ပါတယ်။ 90%လောက်ကို အဆင်ပြေနေခဲ့တယ်။ ဒါပေမဲ့ အခုချိန်အထိ Approve ဖြစ်တယ်ဆိုတဲ့ အီးမေးလ် မလာသေးတော့ အရမ်းစိုးရိမ်နေပါတယ်။ လေးလလောက်ရှိပြီး အင်တာဗျူးတွေသာ ရပြီး အလုပ်က မရသေးတော့ ကျမ ရှက်လည်း ရှက်ပါတယ်။

ကျမ ဘဝမှာ ကိုယ်တော်ရှင်ထံမှ ကျေးဇူးတော်များစွာ ရရှိခဲ့ပေမဲ့ တစ်ခါမှ လူများတွေရဲ့ အရှေ့မှာ သက်သေလည်း မခံခဲ့ဘူးပါဘူး။

ကျမ စိတ်ညစ်ညစ်နဲ့ပဲ JBSC website ဝင်လိုက်ရင်ခွန်အား ရပြီး ငြိမ်သက်ခြင်း ရရှိသွားမယ်ဆိုတာ ယုံကြည်တယ်။ ဆရာ စောသြဂုတ်စတတ် ရေးထားတဲ့ နှလုံးသားအိမ်မှ စာစုများ(၁၃)ကိုဖတ်ပြီးတဲ့အချိန်မှာ အရမ်း ခွန်အား ရပါသည်။ နောက်ပြီးဆရာပြောခဲ့ဘူးတဲ့ စကားကိုလည်းသွားသတိရပါတယ် အိတ်ထဲမှာ ပိုက်ဆံတစ်ပြားမှမရှိပေမဲ့ Food court မှာ ကိုယ့်အတွက် စားစရာကို Order မှာရဲလောက်တဲ့အထိ ဘုရားရှင်အပေါ်မှာယုံကြည်မှုရှိရမယ်ဆိုတာ။

အခုကျမ စာရေးနေတဲ့အချိန်အထိ အဖြေကိုမသိရသေးပေမဲ့ အလုပ်ရတယ်ဆိုတဲ့ ယုံကြည်မှုအပြည့်နဲ့ သက်သေခံလိုက်ပါတယ်၊ ယနေ့ဒုက္ခအပေါင်းနှင့် ရင်ဆိုင်ရတဲ့သူတိုင်း ဆရာပြောသလို **အရေးကြီးသည်မှာ ထိုဖခင်ကို အကြွင်းမဲ့ ယုံကြည်၍ မိမိအသက်တာကို လုံးဝပုံအပ်ထားရန်သာ ဖြစ်လေသည်။**

ဒီနေ့ 21-05-2010 ကျမကို အလုပ်ခန့်လိုက်ပါပြီ။ ဂျွန်လ နှစ်ရက်နေ့ စတင် အလုပ်ဆင်းရပါမယ်။ ဟာလေလုယာ။ ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ (O.M)

---

## သက်သေခံချက် *(ဒီဇင်ဘာနှင်း)*

ဦးစွာ အဖဘုရားရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရား ကျေးဇူးတော်ကြောင့် S'pore မှာကျန်းမာစွာ အလုပ်လုပ်ခွင့်ရတာ ၃နှစ်ပြည့် တော့မှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၅နှစ်လောက် (မြန်မာပြည်) မှာတုန်းက မိတ်ဆွေရဲ့သက်သေခံချက်များ သခင့်စကား ကနေ တဆင့် ကြားသိရသောအခွင့် ဘုရားသခင် ပြင်ဆင်ပေးပါတယ်။ ကျွန်မ အတွက် ခွန်အားဖြစ်စေသလို တခြားသူတွေလည်း ခွန်အားယူနိုင်ပါစေဆိုပြီး သူငယ်ချင်း တွေကို လက်ဆင့်ကမ်းပေးတယ်။ မိတ်ဆွေတို့ရဲ့ သက်သေခံချက်တွေက ကျွန်မအတွက် ခွန်အား အစွမ်းသတ္တိဖြစ်စေတယ်။ စိတ်ထဲမှာလည်း တစ်နေ့ကျရင် ဒီလိုမျိုး သက်သေခံ ခွင့်ပေးပါလို့ ဘုရားကိုဆုတောင်းမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မလည်း နိုင်ငံခြားမှာ အလုပ်လုပ်မယ်လို့ စိတ်ကူးထားလို့လေ။ ဒါပေမယ့် တစ်ချို့က အဆင် မပြေလို့၊ ကျန်းမာရေးထိခိုက်လို့၊ တအားပင်ပန်းလို့၊ ခက်လို့ဆိုပြီးကြား နေရတော့ သွားချင်ပေမယ့် တအားကြောက်တယ်။ သွားဖို့လည်းပိုက်ဆံမရှိ၊ ချေးငှားပြီးတော့ သွားပြီး အဆင်မပြေရင်ဆိုတဲ့ စိုးရိမ်စိတ်ကြောင့် သွားဖို့မဆုံးဖြတ်ရဲဘူး။ ဒါပေမယ့် မိတ်ဆွေတို့ရဲ့ သက်သေခံချက်များ တွေ့တဲ့အခါ ဘုရားမပါရင် ဘာမှမဖြစ်နိုင်သလို ဘုရားသခင် အတူရှိရင် မဖြစ်နိုင်တဲ့အရာကို မဖြစ်နိုင်တဲ့အချိန်မှာ ဖြစ်စေနိုင်တဲ့ ဘုရားသခင် ဖြစ်ကြောင်းတွေ့ရတဲ့အခါ ကြောက်စိတ် လုံးဝမရှိတော့ပဲ S'pore ကိုလာဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်မကို Passport ကအစ Agent fee အဆုံး S'pore ရောက်တဲ့အထိ ကူညီမဲ့သူကို ဘုရားသခင်ပြင်ဆင်ပေးပါတယ်။ စလုပ်တာနဲ့ ထင် သလောက် မမြန်ပြန်တော့ စိတ်ဓါတ်ကျချင်လာတယ်။ သူငယ်ချင်း လေးယောက် အတူတူ လုပ်တာ နှစ်ယောက်တော့ အဆင်ပြေသွားပြီး ကျွန်မတို့နှစ်ယောက် ကျန်နေတဲ့ အချိန်မှာ တော်တော်လေးစိတ်ဓါတ်ကျသွားပြီ။ ဘာမှလည်းလုပ်လို့မရ မျက်ရည်ကျ ဆုတောင်းရတာကလွဲလို့ ဘာမှမတတ်နိုင်။ တနေ့သော တနင်္ဂနွေ သင်္ကြန်ရက် အတွင်း တော်တော်လေးစိတ်ဓါတ်ကျလို့ ဘုရားကျောင်းကြိုးစားသွားတော့ ဆရာက ဘာပြောသလဲဆိုတော့ ဘုရားသခင်က မိတ်ဆွေအတွက် အကြံအစည်ရှိတယ်၊ ဘုရားက ဘယ်တော့မှ အချိန်မနောက်ကျဘူး၊ မိတ်ဆွေက အချိန်တန်လှပြီထင်ပေမယ့် ဘုရားက သူ့အချိန်တန်မှ မိတ်ဆွေအတွက် အလုပ်လုပ်တယ်လို့ပြောတော့ ကျွန်မရဲ့ စိုးရိမ်ခြင်း၊ စိတ်ဓါတ်ကျခြင်းများ အရည်ပျော်သွားပြီး ပျော်ပါးစွာအိမ်ပြန်ရသောအခွင့် ဘုရားသခင် ပြင်ဆင်ပေးတယ်။ ဒီတစ်ခေါက်တော့ ကျွန်မ S'pore ရောက်တဲ့ အလှည့် ကျလာပြီ။ ကျေးဇူးတော်ချီးမွမ်းပေမယ့် အပြည့်အဝ မချီးမွမ်းနိုင်ပြန်ဘူး။ စိတ်ထဲမှာ ငြီးတွားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်ရောက်နှင့်တဲ့ သူငယ်ချင်းနှစ်ယောက် က အပြင်မှာလည်း နေရတယ်၊ လခလည်း ကျွန်မထက် ပိုများတော့ အားကျမိတယ်။ ဒါပေမယ့် အခုတော့ အပြည့်အဝ ချီးမွမ်းရသောအခွင့် ဘုရားသခင်ပြင်ဆင် ပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ကျွန်မအတွက် ထူးဆန်းသောအကြံအစည်တော်ကို လက်တွေ့ ခံစားစေပြီ။ အဲဒါကြောင့် မိတ်ဆွေကိုအားပေး ချင်တယ်။ မိတ်ဆွေ ဘယ်နေရာပဲရောက်ရောက်၊ ဘာအလုပ်ပဲလုပ်လုပ်၊ သူများနဲ့မယှဉ်မိစေနဲ့၊ မိတ်ဆွေ အတွက် ဘုရားသခင်ဟာ သူများနဲ့ မတူတဲ့ အကြံအစည်ရှိတယ်ဆိုတဲ့ အရာကိုမမေ့နဲ့။ မိတ်ဆွေနဲ့ တထပ်တည်း တူတဲ့သူ ဘုရားသခင် မဖန်ဆင်းသလို မိတ်ဆွေအတွက် သီးသန့် အကြံအစည်ရှိတယ်။ ယေရှာ ၅၅း၈,၉ "ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့် မတူ၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုးကောင်းကင် သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏ အကျင့်ထက်လည်းကောင်း ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်လည်းကောင်း သာ၍ မြင့်၏ဟု၊ ပြောထားပါတယ်။" ကျွန်မတို့ကတော့ လောလောလတ်လတ် အခြေအနေ ကိုပဲကြည့်တတ်တယ်။ ဘုရားကတော့ ကျွန်မတို့အတွက် ထာဝရကာလတိုင်အောင် ရည်စူးပြီးစီစဉ်ထားပါပြီ။ ယေရမိ ၂၉း၁၁ ငါသည်သင်တို့ကို အကျိုးနည်းစေခြင်းငှာ ကြံစည်သောအကြံမဟုတ်ပဲ သင်တို့သည်မျှော်လင့်သော အကျိုးကိုရမည် အကြောင်း ငြိမ်ဝပ်စေခြင်းငှာသာ သင်တို့အဖို့ ကြံစည်သောအကြံတို့ကို ငါသိ၏။ ဘုရား ဘုန်းကြီးပါစေသော်။

ဘုရားသခင်က ကိုယ်ကြံစည်တာထက်သာ၍ ကောင်းသော အကြံအစည် ရှိသော ကြောင့် အရာရာတိုင်း၌ ကျေးဇူးတော်ချီးမွမ်းတတ်ဖို့ ဘုရားရှင် အယောက်စီတိုင်းကို ကောင်းကြီးပေးပါစေ။ ။ *(ဒီဇင်ဘာနှင်း)*

---

## တယ်လီဖုန်းလေးနဲ့စကားပြောကြရအောင်



Hello ... သခင့်စကား စာစောင် ကလားဟင်၊ ယုံကြည်သူတွေကို ပြောပေးပါ တယ်လီဖုန်း လေးနဲ့ စကားပြောကြရအောင်လို့။ တယ်လီဖုန်းလေးနဲ့ တစ်ယောက်နဲ့ တစ်ယောက် စကားပြောရတာ ပျော်စရာနော်။ ရီစရာတွေ၊ လွမ်းစရာတွေ၊ ကြည်နူး စရာတွေ အကြောင်းအမျိုးမျိုး သတင်းအမျိုးမျိုးကို ကြားနေရလို့ပဲပေါ့။ တယ်လီဖုန်းလေးနဲ့ပဲ over sea တွေခေါ် ကြိုက်တဲ့နိုင်ငံနဲ့ စကားပြောရတာလည်း ကျေနပ်စရာပါပဲ။ သူငယ်ချင်းများနဲ့ မအားလပ်တဲ့အခါမှာ message ပို့လိုက်တာနဲ့ အားပေးနေရတာလဲ ကျေနပ်စရာလေးတွေပဲပေါ့။ တယ်လီဖုန်းလေးက အပျင်းပြေစရာ လေးပေါ့။ အဲဒီလိုနဲ့ သူငယ်ချင်းများနဲ့ တစ်ယောက်ပြီးတစ်ယောက် ပြောပြောလိုက်တာ နောက်ဆုံးတော့ အပျင်းပြေဖုန်းလေးမှ ဟယ် လူတွေကဘာတွေလဲ၊ ဘယ်သူက ဘာတွေညာတွေစုံလို့ပဲ။ စာတန်က အဲဒီဖုန်းလေးကို အသုံးပြုနေချင်ပြီလေ။ သူများအကြောင်းတွေကို ပြောနေတာဟာ ဘုရားသခင် မကြိုက်တာပဲ။ ဘုရားရှင်က သူ့သားသမီးတွေကိုလည်း ပြောချင်မှာပဲ ဖုန်းလေးနဲ့နော်၊ အဲဒီလိုနဲ့တယ်လီဖုန်းလေးနဲ့ ဘုရားရှင်ရဲ့ သားသမီး တွေဆိုပြီး အတင်းအဖျင်းလေးထဲ ဝင်ရောက်ခဲ့တယ်။ အဲဒီလတော့ ဖုန်း

ပြောတာ ဖုန်းကဒ်ဖိုး တွက်လိုက်တာ အိုး–အို–အိုး နှမြောလိုက်တာ၊ ဖုန်းပြောတဲ့ ပိုက်ဆံကို ငါ လှူလိုက်တာကမှ ပိုကောင်းဦးမယ်ပေါ့၊ ကိုယ့်ကိုယ်ကိုယ် ယူကြုံးမရဖြစ်မိတယ်လေ။ အဲဒီအချိန်မှာ ဘုရားသခင် သမီးကို လောကဖုန်းလေး ငွေတွေကုန်လိုက်တာ၊ ငွေမကုန်တဲ့ဖုန်းလေးနဲ့ ပြောချင် တယ်ပေါ့။ ဘုရားရှင်က ဘာပြောသလဲ ချစ်သမီး ငွေမကုန်တဲ့ ဖုန်းလေး ကတော့ရှိတယ်၊ တာဝန်အလွန်ကြီးမားလှတဲ့ဖုန်းလေးရှိတယ်။ ထက်ကောင်းကင်မှ စကား များကို ကားရန် ဆက်သွယ်ထားပြီး တော်ဝင်တယ်လီဖုန်လေး၊ သင်နှင့်ကျွန်ုပ် အတွက် တယ်လီဖုန်းလေးနဲ့ ယေရှုရှင်ထံ စကားများပြောကြပါတဲ့။ ယေရှုရှင်ထံ ပြောရမယ့် ဖုန်းနံပါတ်ကတော့ (ယေရမိ ၃၃း၃) ခေါ်ပါ ပြောပါ။ ဘုရားရှင် နားညောင်း အဖြေပေးမှာ ဖြစ်ပါတယ်။ ဖုန်းကဒ်ဖိုးပိုက်ဆံလည်းမကုန်ပါဘူး။ ဘုရားရှင် နားညောင်း အဖြေပေးမှာ ဖြစ်ပါတယ်။ ဒုက္ခတွေကြား အခက်အခဲတွေကို အောင်မြင်ကျော်လွှား နိုင်မှာပါ။

။ Blessing Htay

---





## မိရှုပ်မ (Baby)

အရမ်း ရေးချင်လွန်းအားကြီးလို့ မနေနိုင်တော့ဘူး (၆.၉.၀၉) တနင်္ဂနွေနေ့က ငါ့ရဲ့ ကျေးဇူးရှင်မ အဘွားအိမ်ကိုသွားတယ်။ ပြန်လာတော့ ငါ့ကို ဘာပြောသလဲသိလား။ အဲဒီအိမ်မှာ အခုအိမ်ငှားတွေ ရောက်လာပြီလေ။ အဲဒီတော့ ငါ့ကို ဘာပြောတယ် မှတ်သလဲ။ အိမ်သန့်ရှင်းရေး သွားလုပ်ရင် အိမ်ငှားတွေရဲ့ အခန်းပါ ရှင်းပေးရမယ်တဲ့၊ အခန်းကို သော့ မခတ်ထားဘူးတဲ့၊ အခန်းရှင်းပေးတဲ့အခါ ပိုက်ဆံတွေ့ရင် မယူနဲ့တဲ့။ မျက်နှာက ခပ်တည်တည်နဲ့ ပြောတာ။ ဘယ်လောက် အသည်း ယားဖို့ ကောင်းသလဲ စဉ်းစားကြည့်စမ်း။ ငါ့ကို ဘယ်လို ကောင်မမျိုး မှတ်နေသလဲ မသိဘူး။ အဲဒီလို ပြောလိုက်တော့ အရမ်းကိုစိတ်တို၊ အရမ်းကို စိတ်မကောင်းဘူး မိရှုပ်ရယ်။ ပြန်ပြောချင်လိုက်တာ ပါးစပ်ကို ယားနေတာပဲ။ ထမင်းစားနေရင်း နဲ့ပြော တာ။ သူအဲဒီလို ပြောတော့ ငါ့မျက်နှာကလည်း သိတဲ့အတိုင်းပဲ ပုပ်သိုးသွားတော့တာပဲ။ ထမင်းလည်း ဆက် မစားချင်တော့ဘူး။ အဲဒီအချိန်မှာ သူငါ့ကို သေသေချာချာ ကြည့်နေ တယ်။ ငါ့မျက်နှာ မကောင်းတာ သူသိသွားတယ်နဲ့တူတယ်။

ဒေါ်ဒေါ် ဘယ်လိုလုပ်ရမလဲ တူမလေးရယ်။ အဲဒီအိမ်ကို ပိုက်ဆံ မရရင်လည်း နေပါ။ မသွားချင်တော့ဘူး။ တော်ကြာ တစ်ခုခုများပျောက်ခဲ့ရင် ငါယူတယ်လို့ပဲထင်ကြမှာ။ ဆင်းရဲတဲ့ဘဝမှာ သူများအထင်သေးအမြင်သေးတာ ခံရတယ်ဟယ်။ တခါတလေ တော့လည်း ဆင်းရဲတဲ့ဘဝကို စိတ်နာတယ်။ ဘာလို့များ အဲဒီလောက်တောင် ဆင်းရဲရတာလည်းမသိဘူး။ တကယ်ဖြစ်နိုင်မယ်ဆိုရင် ပြန်ပဲပြန်ချင်တော့တယ်။ မနေချင်တော့ဘူးဟယ်။ ကိုယ့်အကြောင်းနဲ့ကိုယ် စိတ်ညစ်စရာ စိတ်ရှုပ်ထွေးစရာတွေ ရှိနေရတဲ့အထဲ ထပ်ပြီး စိတ်မကောင်းစရာ ထပ်ကြားရတော့ မနေချင်တော့ဘူး။ ငါ့ကိုလေ ကျန်တဲ့ ကိစ္စတွေ ပြောချင်သလောက်ပြောပါဟယ် ခံနိုင်ရည်ရှိပါတယ်။ အဲဒီလိုအကြောင်းနဲ့ ပတ်သက်ပြီး ပြောလာရင် တကယ်စိတ်မကောင်းဘူး။ လူတွေကလည်း သိတဲ့အတိုင်းပဲ "မရှိခိုးနိုး၊ မလှစုန်းယိုး" နဲ့ထင်တတ်ကြတာကတော့ လူတွေရဲ့ သဘာဝပါပဲ။ ဒါတောင် နင့်ကို မပြောပြရသေးတာတွေ ရှိသေးတယ်သိလား။ အဲဒီလိုပုံစံနဲ့ ဘယ်လောက်တောင် ဆက် နေရဦးမလဲမသိပါဘူး။ ငါ့ရဲ့အဖြစ်က ပြန်လို့လည်းမဖြစ် နေလို့လည်းမပျော်တဲ့ ဘဝမျိုး ဖြစ်နေပြီ။ ပြန်ရင်လည်း ဘာလုပ်စားရမှာလဲ။ အရင်းအနှီး ရှိရင်တော့ ကောင်းတာပေါ့။ ထမင်းစားဖို့တော့ ရှာလို့ရနိုင်ပေမယ့် ငါ့သမီးလေးတွေရဲ့ ကျောင်းစရိတ်တွေက ရှိသေးတယ်။ ကျောင်းစရိတ်ကလည်း တစ်လ တစ်လကို မနည်း ဘူး။ သူတို့ လေးတွေ ဆယ်တန်းအောင်သွားရင် စိတ်အေးရပါပြီ။

ငါအိမ်ပြန်လိုက်တာ ကောင်းသွားတယ်။ ငါ့ရဲ့ အိမ်အခြေအနေကို သိလိုက် ရတယ်။ အိမ်က အိမ်နဲ့ မတူတော့ဘူးဟယ်။ နာဂစ်ရဲ့ ဒဏ်ကြောင့် အိမ်ကအရင်လို ပြန် မပြင်နိုင်သေးဘူးလေ။ ပြီးတော့ အဖေနဲ့အမေကလည်း ကျန်းမာရေး မကောင်းဘူး။ ငါ့အိမ်က အကြောင်းတွေရေးပြရင် နင်စိတ်မကောင်း ဖြစ်နေဦးမယ် မရေးပြ တော့ဘူး ဟာ။ ရေးပြချင်တာတွေက အများကြီးပဲ။ ငါတို့ တွေ့ခွင့် မရှိတော့ဘူးလား မသိဘူးနော်၊ နင် ဆုတောင်းတဲ့အချိန်တိုင်း ငါ့အတွက် ထည့်ပြီးဆုတောင်းပေးနော်။ သူများ အထင်သေး အမြင်သေးတဲ့ ဘဝက လွတ်အောင်၊ ပြီးတော့ ငါ့ရဲ့ ကျန်းမာရေး အတွက် ကော ဆုတောင်း ပေးပါနော်။ ဘယ်သူတွေ ဘယ်လောက်ပဲပြောပြော ငါခံနိုင်ရည် ရှိ အောင် နေလို့ရတယ်ဟယ်၊ သမီးလေးတွေရဲ့ ရှေ့ရေးကရှိသေးတယ်လေ။ ငါ့ရဲ့ ကျန်းမာ ရေး မကောင်းရင် ဘာမှ လုပ်လို့မရဘူး။ ငါ့ရဲ့ဘဝမှာ ငါ့ရဲ့အကြောင်းအရာ အားလုံးကို ခရေစေ့တွင်းကျ ပြောပြတာဆိုလို့ နင်တစ်ယောက်ပဲ ရှိတယ်သိလား။ ငါ့အတွက် ဘုရားသခင်က သူငယ်ချင်းကောင်း မိတ်ဆွေကောင်း တစ်ယောက် ပေးတဲ့အတွက် ဘုရားသခင်ကို တကယ့် တကယ်ကိုပဲ ကျေးဇူးတင်ပါတယ်။

ဒီလောက် အများကြီးရေးထားတာ နင်တော့ငါ့ကို ဘယ်လို ထင်မလဲ မသိဘူးနော်။ ပြောချင်တဲ့စကားတွေက အများကြီးပဲကျန်သေးတယ်သိလား။ နင်လည်း ပြောချင်တဲ့ စကားတွေရှိရင် ငါ့ဆီကိုစာထည့်ရေးဟာ။ ဒီအတိုင်းဆို ငါတို့ ထပ်ပြီး တွေ့ ရဦးမယ် မထင်ဘူး။ ဒီလောက် ရင်ဖွင့်လိုက်ရတော့ ရင်ထဲမှာပေါ့သွား တာပဲ။

"အလိုတော်ရှိရာ ပြုတော်မူပါ။ – ကိုယ်တော်ရှင်မြတ်သာ အုပ်စိုးမူပါ။

ခြေရှေ့တော်မှာ နှိမ့်ချ ဒူးထောက်စဉ်ခါ – သဘောတော်ရှိတိုင်း ပုံသွင်းလုပ်ပေး။"

စိတ်ထင်အတိုင်း ဖြစ်မလာနိုင်တဲ့အချိန်အခါတွေကျရင် အဲဒီဓမ္မသီချင်းလေးကို သတိရပြီးဆိုဖြစ်တယ်။ ဒေါ်ဒေါ်။

(ဝန်ခံချက်။ ။ မယုံကြည်သူ သူငယ်ချင်းတစ်ယောက်၏ ခံစားချက်ကို မူရင်း အတိုင်း ရေးသား ပေးပို့လိုက်ပါသည်။) **Baby**

---



## သက်သေခံချက် နောနော်

ဓမ္မဟောင်းကျမ်းထဲက ထွက်မြောက်ရာကျမ်းမှာ ၂၀း၁၅ သူ့မယားကို မပြစ်မှားနှင့်တဲ့၊ ဒီကျမ်းပိုဒ် လေးဟာ ရိုးရိုးလေးနဲ့ လူသားအယောက်စီတိုင်းကို ကိုယ်ကျင့်တရားနဲ့ ဆိုင်တဲ့ သွန်သင်မှု၊ ခွန်အားပေးမှု၊ လမ်းပြပို့ဆောင်မှုတွေနဲ့ မီးမောင်းထိုးပြီး တားမြစ် ထားတာ ကမ္ဘာဦးမှစ ယနေ့ခေတ် လူငယ်များ အပါအဝင် ကျွန်တော် ကျွန်မတို့အားလုံး စောင့်ထိန်း ရမယ့်၊ စောင့်စည်းရမယ့် အိမ်ထောင်ရေးစည်းကမ်းတွေအတွက် ဖြစ်ပါတယ်။ လူ ယောကျ်ားတွေအတွက် ချည်းသက်သက် မဟုတ်ပါဘူးဆိုတာကို နောနော် ရဲရဲကြီး အဆို တင်သွင်းပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မြန်မာ ရာဇဝင်ဝတ္ထုထဲက သူခိုးကြီး တောက်ပြားအကြောင်း ကြားဖူးမှာပေ့ါ သူ့မှာဆယ်ပါးသီလ မပြောနဲ့ ငါးပါးသီလတောင် မစောင့်ထိန်းနိုင်ခဲ့ဘူး။ သူခိုးဆိုမှတော့ သူ့ဥစ္စာကိုမခိုးနှင့် ဘယ်လိုမှ မစောင့်ထိန်း နိုင်ခဲ့ဘူး။ ဒါပေမယ့် သူစောင့်ထိန်းတာက သူ့မယားကို မပြစ်မှားနှင့် ဆိုတဲ့ ၁ပါး သော သီလပါပဲ။ အဲဒီ ၁ပါးလေးကိုပဲ သူစောင့်ထိန်းခဲ့လို့ သူ့ရဲ့ဘဝကြီး ထူးထူးခြားခြား ချီးမြှောက်ခြင်း ခံရတော့တာပေါ့။ ဒီလိုပဲ သမ္မာကျမ်း စာထဲက "ယောသပ်" သူ့ရဲ့ ဘဝက ကျွန်လေးတစ်ယောက်ပါ။ ဒါပေမယ့် သူ့ရဲ့သခင်အိမ်မှာ အားလုံးကို အုပ်စိုးခွင့် အခွင့်ရှိတယ်။ သခင့်ရဲ့ ယုံကြည်စိတ်ချမှုခံရတယ်။ အရာရာသူ့ရဲ့ သဘော ဆိုပေမယ့် ရတဲ့ အခွင့်အရေးကို အကုန်မယူခဲ့ဘူး။ ဘုရားသခင်ကိုကြောက်ရွံ့ပြီး လမ်းခရီး တော် အတိုင်း လိုက်ခဲ့တယ်ပေါ့။ သခင့်ရဲ့ဇနီး သူ့ကိုစုံစမ်းပေမယ့် သူမလိုက်လျောခဲ့ဘူး။ ကမ္ဘာဦးကျမ်း ၃၉း၉"သို့ဖြစ်လျှင် အပြစ်ကြီးသော ဤအမှုကို ကျွန်တော်ပြု၍ ဘုရားသခင်ကို အဘယ်သို့ပြစ်မှားနိုင်သနည်း" ဟုသခင်၏ မယားကိုငြင်း၍ ပြန်ဆိုခဲ့၏။ ဒါတွေဟာ ပုံပြင်မဟုတ် ဘူး၊ ဥပမာမဟုတ်ဘူး၊ သာဓကလည်း မဟုတ်ဘူး။ တကယ့်ဖြစ်ရပ်မှန်။ ယောသပ်စောင့်ထိန်းခဲ့တဲ့ ၁ပါးသောသီလဟာ သမိုင်းဝင်ခဲ့သလို ယနေ့ခေတ် လူငယ်တွေ လမ်းမမှားစေဖို့ မီးမောင်းထိုးခွန်အားပေးနေပါတယ်။ နောက်တစ်ခု ကတော့ ကိုယ်တွေ့ပေါ့၊ စာရေးသူကိုယ်တိုင်ပါပဲ နောနော်လည်း ၅ပါးသီလတောင် မနိုင်ဘူး ဆိုတာကို ဝန်ခံပါတယ်။ ဒါပေမယ့် ခံယူချက်က ငယ်ငယ်တည်းက တစ်လင် တစ်မယား စနစ်ကို နှစ်သက်တယ်။ ကြိုက်တတ်၊ ချစ်တတ်တဲ့ နှလုံးသား ရင်ခုန်တတ်တဲ့ အရွယ်ကစ လူ့ဘဝ တစ်ဝက်ကျိုး ၄၀ပြည့်ဖို့ ၉နှစ်သာလိုတော့တဲ့အချိန်အထိ ၁ပါးသီလ ကိုတော့ ကောင်း ကောင်း စောင့်ထိန်းနိုင်ခဲ့တယ်ဆိုတာကို ကောင်းကောင်း သက်သေ ခံရဲပါတယ်။

အဲဒီ အကြောင်းနဲ့ပတ်သက်ပြီး နည်းနည်းပြောပြချင်တယ်။ ယောသပ်လိုပဲ နောနော် ဒီစင်္ကာပူကိုရောက်တာ အဆင်မပြေလို့ အိမ်သုံးအိမ်ပြောင်းခဲ့တယ်။ နောက်ဆုံး ၂၁.၄.၀၈ က နောက်ဆုံးအိမ်ပေါ့ အိမ်ရှင်ဆရာရယ် ဆရာမရယ် နှစ်ယောက် ပဲရှိတယ်။ အိမ်ကတော့ တကယ့် ရောမသုံးထပ်တိုက် ကြီးပဲ။ ဆရာမက နောနော် စရောက်တဲ့ အချိန်က နောနော်ကို မိသားစုလိုပဲ။ ပုံမှန်တဲ့ ဆရာမက နေ့စဉ်နေ့တိုင်း ရုံးမှာ အချိန်ကုန်တာတွေ့ရတယ်။ ဆရာကတော့ အိမ်မှာပဲ စာအုပ်နဲ့မျက်နှာ၊ TV နဲ့ မျက်နှာ အပ်နေတာတွေ့ရတယ်။ တခါတလေ ဂေါက်ကစားသွားတယ်။ ထူးခြား တာကတော့ အသက်က ဇရာအို အရွယ်ပဲ ဒါပေမယ့် နေ့တိုင်းလေ့ကျင့်ခန်း ၁နာရီ ၂နာရီ အမြဲ လုပ်တယ်။ နုပျိုချင်တဲ့စိတ်ရှိတယ်။ ယောသပ်ရဲ့ သခင်မ ကတော့ ယောသပ်လေးကို ကိုယ်ထိ လက်ရောက်စုံစမ်းတယ်။ ဒါပေမယ့် နောနော်ရဲ့ ဆရာကတော့ ကိုယ်ထိ လက်ရောက်တော့ မဟုတ်ဘူး ပါးစပ်နဲ့စုံစမ်းတယ်။ ရရင်အမြတ် မရရင် အရင်း ဆိုတဲ့သဘော တခါတလေ သူ့ကိုယ်သူ လူရိုင်းလို့ ပြောရမလား။ ဒါမှမဟုတ် ကမ္ဘာဦးအဘ အာဒံကိုပဲ အားကျလို့လားတော့မသိဘူး မထီမဲ့မြင် အပြုအမူ တွေ လျှပ်တစ်ပြက် တွေ့ရတယ်။ အဲဒီလိုအချိန်ဆို နောနော် ဆရာမကို ဖုန်းခေါ်တယ်၊ တိုင်တယ်၊ သူ့ရဲ့ အခန်းတံခါးကို ပိတ်ဖို့ပြောခဲ့တယ်။ ဒါဟာ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၈ ။ ဩဂုတ်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

နောနော် စောင့်ထိန်းတဲ့ ၁ပါး သီလပါ။ အဲဒီလို စုံစမ်းလို့မရတော့ ယောသပ်လေးက ထောင်ထဲရောက်တယ်။ နောနော်ကတော့ ဆရာ့ရဲ့ ခါးသီးတဲ့ လူမဆန်တဲ့ ပင်ကိုဇာတိသဘောနဲ့ အမုန်းတွေကို ပညာသားနဲ့ နှိပ်စက်မှုကို ခံခဲ့ရတယ်။ သူ့ရဲ့အပြုအမူတွေ အားလုံးကို ဆရာမကို ပြောပြပြီး အိမ်ပြန်ဖို့ ခွင့်တောင်းတယ်။ ငါ ငွေမရှိလည်း အိမ်ပြန်နိုင်တယ် ဒီလိုစရိုက်မျိုး ငါမကြိုက်ဘူးဆိုတော့ သူတို့လင်မယား ရန်ဖြစ်တယ်။ နောနော်ကို ဘာမှ စားပိုင်ခွင့် မပေးဘူး၊ ကိုယ့်အစား ကိုယ့်ဘာသာ စားပြီး သူ့အိမ်မှာ အလုပ်လုပ်ရမယ်၊ အလုပ်လုပ် ရင်လည်း တစ်ခုခု ပျက်စီးရင် လခထဲက ၂၀ဖြတ်မယ်။ ဓမ္မသီချင်းနားထောင်လည်း ၂၀ ဖြတ်မယ်။ နောနော် ဒီလိုတော့ နွားအကျ ဘယ်ခံမလဲ အားလုံးမစားဘူး ဒါပေမယ့် ဖုန်းပြောတယ်။ ဓမ္မသီချင်း နားထောင်တယ်။ ငတ်ရင် ငတ်ပါစေ ၁ပါးသီလကိုတော့ ဘုရားသခင် အလိုတော်နဲ့ စောင့် ထိန်းခဲ့တာ ဒီနေ့ အထိပါပဲ။ ဒီ၁ပါးကို စောင့်ထိန်းနိုင်ရင် ဘုရားသခင်ရဲ့ ချီးမြှောက်ခြင်းကို ခံရမယ်ဆိုတာ နောနော် အကြွင်းမဲ့ ယုံကြည်တယ်။ နောနော်လေ ၁ပါး သီလပဲ စောင့်ထိန်းတာ ၁၈ရက်နေ့ညက ဆရာမလည်းရှိတယ် နောနော် ကို အကြီးအကျယ်ပညတ်တွေထုတ်တယ်။ အော်ငေါက်တယ်။ ဘာမှ မစားရ ဘူးလို့ ညက ပြောတယ်။ ၁၉ရက်နေ့ ဆရာမ ရုံးသွားတော့လည်း ထပ်ပြောတယ်။ ရစရာ မရှိအောင်ပြောပြန်တယ်။ နောနော်လေ ဘုရားသခင် နောနော်ကို သတိနဲ့ ကြည့်နေတယ် ဆိုတာကို သတိမထားမိဘူး။ စားစရာကို ကိုယ့်လခကနေ ဝယ်စား ရမယ်ဆိုတော့ ခြိုးပွဲချွင်လိုက်တာပေါ့။ နေ့ခင်းကျတော့ ဆရာမကသင်ပေးတယ် ငါ မစားရရင် ငါအလုပ်မလုပ်ဘူးလို့ ပြန်ပြော။ ညနေ ၃နာရီလောက်ကျတော့ ဖုန်းဆက်ပြီး စားပြီးပြီလားလို့မေးတယ်။ နောနော်လည်း သူ့ကို စိတ်မပူနဲ့လို့ နှစ်သိမ့်လိုက်တယ်။ အခန်း ထဲမှာလည်း ပန်ကာ ပြန်သိမ်းသွားတယ်။ ညအိပ်လို့ အိုက်ရင် ငိုရတယ်။ ထူးဆန်းတာက ပရောဖက်လေိယကို ဘုရားသခင်က မုဆိုးမအားဖြင့် အစားအသောက် ပြင်ဆင် ပေးထားတယ်။ နောနော် အတွက်လည်း ဘုရားသခင်ပြင်ဆင်တာ တကယ် အံ့သြဖို့ကောင်းတယ်။ ကိုယ်သွားပြောလို့ သူတို့က သနားတယ်လို့ ပြောရင် ပြောအုံးမယ်။ အခုက ဒီလိုမဟုတ်ဘူး ညစာအတွက် အိမ်ရှေ့က တခါမှ စကားရင်းနှီး မပြောဘူးတဲ့ နိုင်ငံခြားသူ တွေက ထမင်း ဝက်သားနဲ့ ကြက်ဥကြော် တစ်ခွက်၊ မုန့်တွေ သစ်တော်သီး၊ ပန်းသီးတွေ လာပေးတယ်။ ဒါနဲ့ နောနော်လည်း ကျေးဇူးတင် စကား ပြောပြီး အိမ်ထဲဝင်ပြီး ဘုရားသခင် သမီးကို တကယ်ချစ်တယ်ဆိုပြီး ငိုချပစ်လိုက် တယ်။ တစ်ခါမဟုတ် နောက်နေ့လည်း သူတို့ပေးပါစေလို့ ခွင့်တောင်းတယ်။ ကျေးဇူး တင်တယ်လို့ပြောတော့ you are welcome လို့ပြောတယ်။ ဒါဘုရားသခင် မပြင် ဆင်ရင် ဘယ်သူတစ်ယောက်မှ မပြင်ဆင်ဘူး။ ဒါက ၁ပါးသီလပါဘဲဆိုတာ သက်သေ ခံပါရစေ။ ချစ်တဲ့မောင်လေး၊ ညီမလေးတို့လည်း ပညတ်တော် ၁၀ပါးကိုတော့ ကောင်း ကောင်း စောင့်ထိန်းကြမယ်လို့ ယုံကြည်ပါတယ်။ စာဖတ်သူအားလုံး ဘုရား သခင် ကောင်းကြီးပေးပါစေလို့ ယေရှုနာမဖြင့် ဆုတောင်း လိုက်ပါ တယ်။ *နောနော်* (ခေတ္တ စင်္ကာပူ)




----------------------------

## သို့ - သခင့်စကား *နန်းကျော့ရှင်/ဓ.ရ*

ဘုရားရှင်ကို ရှေ့ဦးစွာ ချီးမွမ်းပါတယ်။ ကျွန်မဟာ ယုံကြည်သူ အသိုင်း အဝိုင်းထဲက မဟုတ်ပါဘူး။ ဒါပေမယ့် ဘုရားကျောင်းကို အပါတ်တိုင်းသွားတယ်။ သူငယ်ချင်းနဲ့ပေါ့။ ကျွန်မရဲ့ သူငယ်ချင်းက ကျွန်မကို သိပ်ချစ်တယ်။ ကျွန်မကို ယုံကြည် သူ သိပ်ပြီး ဖြစ်စေချင်တာပေါ့နော်။ ဘုရားရဲ့အကြောင်းကို အမြဲ ပြောလေ့ရှိတယ်။ ဘာကြောင့်လည်း မေးရင် ဘုရားက တို့မတတ်နိုင်တဲ့အရာကို ဘုရားက တတ်နိုင်တယ်၊ ပေးနိုင်တယ် သူက အမြဲပြောလေ့ရှိတယ်။ ဒါနဲ့ကျွန်မက ok. I’ll try လို့ပဲပြန်ပြီး sms ပို့ပေးလိုက်တယ်။ ဒါနဲ့ ကျွန်မမှာ ၁၅.၈.၀၉ နေ့ကြီးမားဆုံး ဒုက္ခလို့ ပြောလို့ရတယ်။ ဒီကိစ္စကို ကျွန်မ ဘယ်လိုရှင်းရမလဲ။ ပထမ ကျွန်မ ငိုနေတာ ငွေ amount နဲ့တွက်ရင် ၁၀၀၀ ကျော် ကျွန်မ ဘယ်ကရမှာလဲ။ ကျွန်မရဲ့ လုပ်အားခမှ ၂၈၀ ပဲ အိမ်ရှင်က ပေးတာ ဆိုတော့ ကျွန်မ ဘာလုပ်ရမလဲပေါ့ ငိုနေရင်း တခြားသူငယ်ချင်းက ဆုတောင်းပေးမယ်။ ဒီလောက် များတဲ့ငွေကို ငါမကူညီနိုင်ဘူး သူငယ်ချင်းရယ်တဲ့။ ဘုရားက ဒီ့ထက်မကတဲ့ အရာတွေကိုပါ တတ်နိုင်တယ်လို့ပြောတယ်။ ကျွန်မ စိတ်ထဲမှာ တကယ် ဝမ်းနည်းခြင်း ဖြစ်ရတာ ပေါ့နော်။ ကျွန်မ သိပ်ချစ်တဲ့ သူငယ်ချင်းက သူ့မှာ ဖုန်းမရှိဘူး တခြား သူငယ်ချင်းတွေမှာတော့ ရှိကြတယ်။ ငိုပြီး ကျွန်မက ဘုရားကို ပြောတော့ ဘုရားက အသက်ရှင်တယ်။ လူတွေမတတ်နိုင်တဲ့ အရာမှန်သမျှ ဘုရားကတတ်နိုင်တယ်လို့ သူငယ်ချင်းက အမြဲပြောတယ်။ ကဲ ကျွန်မမှဒီကိစ္စကို ဘယ်လိုမျိုး ရှင်းမလဲပေါ့။ သမီးကို ကယ်ပါလို့ ကျွန်မဆုတောင်းတယ်။ မြန်မာပြည်ပြန်ဖို့ မဖြစ်နိုင်သလို ဒီမှာ ဆက်နေဖို့ ကလည်း မလွယ်။ ကျွန်မ ဖြစ်တဲ့အရာ တစ်ခုချင်းစီတိုင်းကို ဘုရားကိုပြောပြပြီး ဆုတောင်း တယ်။ ဘုရားက တကယ်ကိုအံ့သြစရာပါ။ ကျွန်မကို ဘာနဲ့ သွန်သင်သလဲ ဆိုရင် (ဖိလိပ္ပိသြဝါဒစာ ၄း၆,၇) ကိုဖွင့်ပြတော့ ကျွန်မတကယ်ကို ငိုချမိတယ်။ ဒီကျမ်းပိုဒ်လေးနဲ့ ကျွန်မရဲ့အခက်အခဲတွေကို ဘုရားရှင်ကိုပြောပြတယ်၊ ဝန်ချ တောင်းပန်တယ်။ ဘုရားက နောက်အပတ်မှ အံ့သြစေသောအမှုကိုပေးတယ်။ တခြား တစ် ယောက်က ကျွန်မရဲ့ လိုနေသောအရာ အားလုံးကို လာပေးတော့ တကယ်ပဲ ကျွန်မ ဘုရားကို ကျေးဇူးတော် ချီးမွမ်းတယ်။ ဒါကြောင့်ကျွန်မရဲ့သူငယ်ချင်းက ပြောတာ ဘုရား မတတ်နိုင်တဲ့အမှု ဘာတစ်ခုမှ မရှိဘူးဆိုတဲ့ စကား။ ဒါကြောင့် ကျွန်မရဲ့ စိတ်နှလုံး အကြွင်းမဲ့ ဘုရားရှင်ကိုဆက်ကပ်ပါတယ်။ စာစောင်ကို ဖတ်သူတိုင်း ခွန်အားဖြစ်ပါစေ။ ဘုရားက အချိန်နာရီစက္ကန့်တိုင်းမှာ ကောင်းမြတ် တယ်။ အာမင်။

----------------------------

## သိရခက်သော လူ့သဘောလူ့မနော Mary (ဖျာပုံ)

စကားကို ဘွင်းဘွင်းကြီး ပြောတတ်တဲ့ လူများဟာ အကာအကွယ် မဲ့တဲ့ အဖြစ်နဲ့ မကြာခဏကြုံရတတ်ပါတယ်။ (The laws of power) ဆိုတဲ့ စာအုပ် ထဲမှာ သာဓက ပြထားတဲ့ ဥပမာလေးတစ်ပုဒ်က သိပ်ကောင်းပါတယ်။ လပြည့်တဲ့ညမှာ ခရု များဟာ သူတို့အခွံကို အဆုံးအထိဖွင့်လှစ်တတ်ပါသတဲ့။ အဲဒီအဖြစ်ကို ပင်လယ် ဂဏန်းတစ်ကောင်က မြင်လိုက်တာနဲ့ ခရုခွံထဲကို ကျောက်ခဲကလေး တစ်ခဲဖြစ်ဖြစ်၊ ပင်လယ် ရေမှော် တစ်ထွေးကိုပဲဖြစ်ဖြစ် ဝင်သွားအောင် ပစ်ထည့်လိုက်ပါသတဲ့ အဲသည်လို အဆီးအတားများကို ခရုအခွံနဲ့အသားကြားရောက်အောင် သွင်းထား လိုက်တာနဲ့ ခရုဟာ သူ့အခွံကို ပြန်ပြီး မပိတ် လိုက်နိုင်ပါဘူးတဲ့။ အဲဒီတော့ ခရုဟာ ပင်လယ် ဂဏန်းများ ဝိုင်းဝန်းစားသောက်ကြတာကို ခံရတော့တာပါပဲတဲ့။ အဲဒီ သာဓကနဲ့ သိပ်တူတာကတော့ စကားကို လိုအပ်တာထက် ပြောတတ်တဲ့ သူများ ဖြစ်ပါသတဲ့။ စကားကို မလိုအပ်ပဲ အများကြီး ပြောမိတဲ့သူဟာ နားထောင်နေတဲ့သူများ ပြုသမျှ နုကြရတတ်ပါသတဲ့။

စကားကိုလိုတာထက် လျှော့ပြီး ပြောဆိုပါ။ လူတွေကို အားပေးစကား၊ အသိ ပညာပေးစကား၊ တိုက်တွန်းနှိုးဆော်စကား၊ သက်သေခံစကားလေး တွေ များများ ပြောတတ်တဲ့ ကျွန်မ တခါတလေ တစ်ဖက်လူရဲ့ချေပမှု ကြောင့် စိတ်ထိခိုက်စရာလေးတွေ ကြုံတွေ့ ရတတ်ပါတယ်။ တခါတလေ ကျွန်မတို့ပြော လိုက်တဲ့စကားဟာ တစ်ဖက်သား ကောင်းစားဖို့၊ အတုယူဖို့ ရည်ရွယ်ပေမယ့် သူတို့အတွက်ထိခိုက်နစ်နာစရာလေးတွေ ဖြစ်သွား တတ်ပါတယ်။ စေတနာ ဟာ ဝေဒနာဖြစ်သွားတတ်ပါတယ်။ (ကောင်း စေချင်လို့ ပြောတာပါ ဆိုပေမယ့် ဒေါသသံနဲ့ ပြောလိုက်မိခြင်း)။

မှတ်မှတ်ရရ အဖြစ်အပျက်လေးတစ်ခု ပြောပြချင်ပါတယ်။ ၁.၃.၀၉ Sunday မှာ နှစ်ခြင်းယူဖို့ အကူအညီ လိုနေတဲ့ အမျိုးသမီးတစ်ဦးနဲ့ ဖုန်းအား ဖြင့် မိတ်ဆွေ ဖြစ်ကြပါတယ်။ ခရစ်တော်ကို ယုံကြည် လက်ခံတော့မယ့် သူတစ်ယောက်နဲ့ ခင်မင် ရင်းနှီးပြီး စကားတွေမကြာမကြာ ပြောဖြစ်ပြီး ဝမ်းသာပီတိ ဖြစ်မိပါတယ်။ သူက အလုပ်မှာ စိတ်အရမ်းညစ်နေရပြီး အိမ်ရှင်က အစားအသောက်ကို ဖြစ်သလို ကျွေးတော့ တခါတလေ သူကျွန်မကို ရင်ဖွင့်ပါတယ်။ အလုပ်ကို ဟာကွက် မရှိအောင် လုပ်ပေမယ့် ပြုစုမှုများခံရတာကြောင့် အိမ်ပြောင်းချင်ကြောင်း၊ သူ့မိသားစုရဲ့ အခက်အခဲများ စသောစသော အကြောင်း အရာတွေကို ကျွန်မရဲ့အခက်အခဲတွေ၊ သည်းခံ ရတာတွေ သူ့ကိုဥပမာပြု၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းအားဖြင့် တွန်းလှန် နိုင်ကြောင်းပြောပြ လေ့ရှိပါတယ်။ တစ်နေ့တော့ ညစာစားပြီး စကားပြောကြတဲ့အချိန် ကျွန်မ ညနေစာကို စားကောင်းကြောင်း၊ ဝက်သားသုံးထပ်သားကို အာလူးနဲ့ဆီပြန်ချက်၊ ငပိငြုပ်သီးမှုန့်၊ ဟင်းနုနွယ်ရွက်ကြော် "အို ငါနင့်ကို ကျွေးချင်လိုက်တာ၊ ငါ့ကို ဘုရားရှင် ချပေးတဲ့ ကောင်းကြီးမင်္ဂလာတွေ အမြဲပြည့်စုံပါတယ်ဟာ"လို့ ပြောပါတယ်။ ကျွန်မ ကတော့ ဒီညစာကို အရမ်းကိုတင်းတိမ်လွန်းလို့ သူ့ကိုဖွင့်ဟ ကျေးဇူးတော် ချီးမွမ်းမိ ပါတယ်။ ဒါပေမယ့် သူက ဘယ်လိုပြန်ခြေပသလဲ ဆိုတော့ "ဟုတ်ပါတယ်၊ ဟုတ်ပါတယ် အစ်မပဲ အကောင်းတွေနဲ့ချည်းပဲ ကြုံရပါတယ်တဲ့။" သူဟာ တကယ်တော့ ကျွန်မရဲ့ အားပေး မှုများကို အပြည့်အဝ လက်ခံရရှိထားပြီးသားပါ။ ကျွန်မစကားထဲမှာ သူ့အတွက် ဆန့်ကျင်ဘက်တစ်ခု ပါသွားလို့သာ ဒီလိုပြန်ပြောတာပါ။ ကျွန်မ စိတ်မကောင်း ဖြစ်မိပါတယ်။ သူ့ကိုတောင်းပန်ပြီး ကျွန်မကို အပြစ်မထားပါနဲ့လို့ (စကားကို မဆင်မခြင် ပြောမိလို့ ခံစားရတဲ့ခံစားချက်ပါ။)

စကားနည်း ရန်စဲဆိုသလို စကားနည်းနည်းပြောလေလေ ပြောသမျှဟာ အဓိပ္ပါယ် ပြည့်ဝပြီး တန်ဖိုးကြီးလာလေလေ ဖြစ်တတ်ပါတယ်။ တကယ်လို့များများ ပြောမိရင် အမှားတွေပါတတ်သလို အဓိပ္ပါယ်မဲ့တဲ့ စကားတွေ ပါသွားတတ်ပါတယ်။ စကား နည်းနည်းပြောတော့ ရှောင်ပြီးသားဖြစ်သွားတာပဲပေါ့။ အခုလိုသိရလို့ စကား ပြောရမှာကြောက်သွားပြီး ဆိတ်ဆိတ်နေလွန်းရင်လည်း ဘေးသင့်တတ်ပါသေးတယ်။

ဘယ်လိုကိစ္စမျိုး၊ အလုပ်မျိုး၊ အလေ့အကျင့်မျိုးကိုမဆို အလယ် အလတ်လမ်းအတိုင်း သင့်တင့် လျောက်ပတ်စွာ သုံးနိုင်ရင်တော့ကောင်းပါတယ်။ စကားပြောရမယ့် ပတ်ဝန်းကျင်မှာ တစ်ခွန်းမှ မပြောပဲ နှုတ်ပိတ်ထားရင် လည်း အများက မသင်္ကာ ဖြစ်တတ်ပါသေးတယ်။

ဘယ်အချိန်အခါမှာ တိတ်ဆိတ်နေရမယ်၊ ဘယ်အချိန်ဘယ်နေရာမှာဖြင့် လိုအပ်တာ ထက်နည်းနည်းလျှော့ပြီး ပြောရမယ်ဆိုတာ ကိုယ့်ဘာသာ ကိုယ် ချင့်ချိန် တတ်ရပါမယ်။ နေရင်းထိုင်ရင်းတော့ တတ်မလာပါဘူး။ အများကဘယ်လိုပြောတယ်၊ အကျိုးရှိတယ် မရှိဘူးဆိုတာ ကိုယ်တိုင်လည်း သုံးသပ် ရပါမယ်။ တကယ်လို့ မပြောပဲနေတဲ့အကြိမ်များသွားရင် ဘာမှမတတ်ပဲ ဒီနေရာရောက်လာသေးသကိုးလို့ ထင်ကြပါလိမ့်မယ်။ တကယ်တော့ လူတွေရဲ့သဘောမနောဟာ စဉ်းစားရခက်ပါတယ်။ စဉ်းစားရ ခက်တဲ့အထဲက မမောပန်းပဲ လုပ်သင့်လုပ်ထိုက် ပြောသင့်ပြော ထိုက်တာကို လုပ် ဆောင်နိုင်ဖို့ကတော့ သူတပါးကိုထိခိုက်နစ်နာစေမယ့် စကားတွေ အများကြီး မပြောမိဖို့။ ထို့အတူ လူတွေကိုကြောက်ပြီး ပြောစရာရှိတာ တောင်မှ မပြောဝံ့မဆိုဝံ့ပဲ နှုတ်ဆိတ်လွန်းရင်လည်း လူတကာ အထင်သေးတာကို ခံရတတ်ပါသေးတယ်။ (၁တိ ၄း၁၂) "သင်၏ အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှမထီမဲ့မြင်မပြုစေနှင့်၊ စကား ပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတစ်ပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာ စောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံ ကြည်သောသူတို့အားပုံသက်သေကိုပြုကြလော့။" မိမိအသက်တာကို ပြန်လည်သုံးသပ်နိုင်ပြီး နှုတ်ကပတ်တော် သွန်သင်ခြင်း အားဖြင့် အဘယ်ကဲ့သို့ အသက်ရှင်ရမည်ကို ပုံသက်သေပြနိုင်ကြပါစို့။ (ကောလော ၄း၂-၆) (မှတ်ချက်။ ၉.၉.၀၉ မှစိတ်မကောင်းစရာ ခံစားရသော အကြောင်းလေး တွေမှ ပြောပြ ပါသည်။ ) (ဝန်ခံချက်။ မိမိ၏ စိတ်ထားသဘောထားကို တစ်ပါးသူအား ရိုးသားစွာ မြင်နိုင်ဖို့ ရည်ရွယ်ပါ၏။) (ဆုတောင်းချက်။ ယုံကြည် သူချင်းတို့အား ဘုရားသခင်၏ သဘောတော်နှင့်အညီ ဆက်ဆံ နိုင်အောင် ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံသော စိတ်ဝိညာဉ် ကို ဘုရားသခင် ပေးသနားတော်မူပါ။ အာမင်။ **Mary** (ဖျာပုံ)

---

## အမှိုက်ပုံးများ *(မင်းအောင်သက်လွင်)*



တစ်နေ့မှာတော့ ကျွန်တော်ဟာ ရန်ကုန်မြို့ ထဲကနေ အင်းစိန် နေအိမ် ကို တက္ကစီ ကားလေး တစ်စီး ငှားပြီး ပြန်လာခဲ့ပါတယ်။ တက္ကစီကား သမားက စိတ်မရှည်တဲ့အတွက် လမ်း ခုလတ်မှာ ကားတိုက်ဖို့ သုံးခါ ကြုံခဲ့ ရပါတယ်။ သုံးခါစလုံး တစ်ဘက် ကား သမား တွေက မှားတာမဟုတ်ဘဲ ကျွန်တော် စီးလာတဲ့ ကားသမားကဘဲ ဒိုင်ခံ မှားတာ ဖြစ်ပါတယ်။ ပထမ တစ်ခါကတော့ မီးပွိုင့် မီးနီခါနီးကို အတင်း လုဖြတ်ပြီး မောင်းတဲ့အတွက် တစ်ဖက်က လာတဲ့ ကားနဲ့ ခေါင်းချင်းဆိုင် တိုက်မလို ဖြစ်သွားတာပါ။ ဒုတိယ တစ်ခါကတော့ ကားလမ်း ပြင်နေတဲ့ လမ်းဘေးက မြူနီစပါယ် အလုပ် သမားတွေကို တိုက်မိ မလို ဖြစ်သွားတာပါ။ တတိယနဲ့ နောက်ဆုံး တစ်ခါကတော့ ရှေ့က သွားနေတဲ့ ဆိုက္ကားကို တိုက်မိမလို ဖြစ်သွားတာပါ။ လီဗာကို တအား ဖိနင်းလိုက်၊ ဘရိတ်ကို ဆောင့်နင်းလိုက်နဲ့ စိတ်မရှည်စွာ ဆဲဆိုကြိမ်းမောင်း မြည်တွန် တောက်တီးပြီး မောင်းနေတဲ့ ကားသမားရဲ့ ကားကို စီးပြီး ကျွန်တော် ရင်တမမနဲ့ လိုက်ခဲ့ရ ပါတယ်။

နောက်တစ်နေ့မှာလဲ နိုင်ငံခြားက ပြန်လာမဲ့ သူငယ်ချင်း တစ်ယောက် ကို သွားကြိုဖို့ လေဆိပ်ကို အခြားတက္ကစီ ကားလေး တစ်စီးငှားပြီး ကျွန်တော် သွားခဲ့ ပါတယ်။ လေဆိပ်ထဲအဝင် လမ်းကြောင်းလေး အတိုင်း ကားမောင်း ဝင်လာ နေတုံးမှာ မမျှော်လင့်ဘဲ ကားပါတ်ကင်မှာ ရပ်ထားတဲ့ ကားတစ်စီးက စည်းမဲ့ ကမ်းမဲ့ ကျွန်တော်တို့ ကားရှေ့ကို ဖြတ်ထွက် လိုက်ပါတယ်။ ကျွန်တော့် တက္ကစီ ဒရိုင်ဘာက ကားဘရိတ်ကို ဆောင့်နင်းပြီး ကားကို ဘယ်ဘက် ကွေ့ချ လိုက်တာမို့ ခေါင်းချင်းဆိုင် ဝင်လာတဲ့ ကားနဲ့ မတိုက်မိဘဲ ပွတ်ကာ သီကာလေး လွတ်သွားပါတယ်။ လမ်းကြောင်းမှားပြီး စည်းကမ်းမဲ့ မောင်းတဲ့ တစ်ဘက် ကားသမားက ကားထဲကနေ ခေါင်းအပြင်ထွက်ပြီး ကျွန်တော့ ကား ဒရိုင်ဘာကို နင်ဘဲငဆဲ အော်ဆဲ ပါတယ်။ လက်ဟန် အမူအယာ တွေနဲ့လဲ နိုင်ငံခြား ရုပ်ရှင်ကားထဲက လမ်းသရဲတွေစတိုင်နဲ့ မိုက်မိုက်ရိုင်းရိုင်း လုပ်ပြပါ တယ်။ ကျွန်တော် တော်တော် ဒေါသ ဖြစ်သွားပေမဲ့ ကျွန်တော့် တက္ကစီ ဒရိုင် ဘာက သူ မမှားဘဲနဲ့ (သူ မှန်နေရဲ့သားနဲ့) ပြုံးပြီး တဘက်ကားသမားကို တောင်းပန်တဲ့ အနေနဲ့ လက်ပြန်ပြ နေပါတယ်။

သူပြုံးတာက သရော်ပြုံး၊ လှောင် ပြုံး၊ မထိတထိပြုံး၊ မချိပြုံး၊ အပေါ်ယံ အပြုံး မဟုတ်ပါဘူး။ တကယ့်ကို စိတ်ထဲက နှစ်နှစ် ကာကာ တောင်းပန် တိုးလျှိုးခြင်း၊ ခင်မင် ရင်းနှီး ခြင်း၊ ခွင့်လွှတ် အသနားခံခြင်း ဆိုတဲ့ အဓိပ္ပါယ် တွေ ပါနေပါတယ်။

ကျွန်တော် နားမလည် နိုင်လောက် အောင် ဖြစ်သွားပါတယ်။ မနေ့က စီးလာတဲ့ တက္ကစီ သမားနဲ့ တခြားစီပါဘဲ။ ခင်ဗျား သူ့ကို ဘာဖြစ်လို့ ပြုံးပြပြီး တောင်းပန် နေရတာလဲ။ ခင်ဗျား မှားတာ မဟုတ်ဘူး။ သူ မှားတာလေ၊ ဘုရား မ လို့ ကျုပ်တို့ နှစ်ယောက် ဆေးရုံ မ ရောက်တာ။ ဒီလူ တော်တော် မိုက်ရိုင်းတဲ့ လူ ဘဲ။ လို့ ကျွန်တော် မေးလိုက် မိတဲ့ အထိ ပါဘဲ။ အဲဒီ အချိန်မှာ တက္ကစီ ဒရိုင်ဘာ ပြန်ပြောတဲ့ စကားက ကျွန်တော့် ကို သင်ခန်းစာ တွေ အများကြီး ပေး သွားပါတယ်။ သူက -

ဟုတ်ပါတယ်။ ကျွန်တော် လုံးဝ မမှား ပါဘူး။ သူ မှားတာပါ။ ဘာဖြစ်လို့ သူမှားရသလဲဆိုတော့ သူ့ဆီမှာ အမှိုက် တွေ အများကြီးပါတဲ့ အမှိုက်ပုံး တစ်ပုံး ရှိပါတယ်။ အဲဒီ အမှိုက်ကို သူက ကျွန်တော်တို့ဆီ သွန်ပစ် ချင်နေပါတယ်။ လူတစ်ယောက်ယောက်က သူ့အပေါ် အမှိုက် သွန်ပစ်သွားပါ လိမ့်မယ်။ ဒါ့ကြောင့် သူ့အပေါ်က အမှိုက်ကို သူ ကျွန်တော်တို့အပေါ် ပြန်သွန် ပစ်ချင်နေတာဗျ။ ဒီနေ့ လောကကြီး ထဲမှာ သူ့လို အမှိုက်တွေ အများကြီး သယ်ပိုး ထားတဲ့ သူတွေ အများကြီး ရှိပါ တယ်။ အမှိုက်ပုံး လူသားတွေပေါ့ဗျာ။

အချည်းနှီးသော အရာတွေနဲ့ ပြည့်နေတဲ့ အမှိုက်ပုံး၊ ဒေါသ အမှိုက်ပုံး၊ လောဘ အမှိုက်ပုံး၊ စိတ်ဓါတ်ကျတဲ့ အမှိုက်ပုံး၊ ရန်လိုတဲ့ အမှိုက်ပုံး၊ အပြစ် တင်လိုတဲ့ အမှိုက်ပုံး စတဲ့ စတဲ့ အမှိုက်တွေပေါ့ဗျာ။ ဒီတော့ ဒီလူတွေက အဲဒီ အမှိုက်တွေကို လွှင့်ပစ်ချင်နေကြတယ်။ လွှင့်ပစ်ဖို့ နေရာ လိုက်ရှာနေကြတယ်။ ခုနက လူကလဲ သူ့ရဲ့ ဒေါသ အမှိုက်ကြီးကို ပစ်ဖို့ နေရာရှာတာ ကျွန်တော် တို့ကိုတွေ့သွားလို့ လိုက်ပစ်တယ်။ ဒါပေမဲ့ သူ့ရဲ့ အမှိုက်ကို ကျွန်တော် မယူ ပါဘူး။ ပြုံးပြုံးလေး တုန့်ပြန်လိုက်ပါတယ်။ သူ့အမှိုက်က သူ့ခေါင်းပေါ် ပြန်ကျ သွားပါတယ်။ သူဆဲ သလိုသာ ကျွန်တော် ပြန်ဆဲ လိုက်ရင်၊ သူမိုက်ရိုင်း သလို သာ ကျွန်တော် ပြန် မိုက်ရိုင်းလိုက်ရင် သူ့အမှိုက် က ကျွန်တော့် ခေါင်းပေါ် ရောက်လာမှာ။ အဲဒီ အခါကျရင် ကျွန်တော်ကလဲ ခေါင်းပေါ် ရောက်လာတဲ့ အဲဒီ အမှိုက်ကို တစ်နေ ရာရာမှာ ပစ်ဖို့ နေရာ လိုက်ရှာမိလိမ့်မယ်။ ကားသမား အချင်းချင်း အပေါ်။ ခရီးသည် အပေါ်။ ကားပိုင်ရှင် အပေါ် အမှိုက် ပြန်ပစ်ချင် ပစ်မိ လိမ့်မယ်။

နောက်ဆုံး ဘယ်သူ့ အပေါ်မှာမှ အမှိုက် ပစ်စရာနေရာ ရှာမတွေ့ရင် အဲဒီ အမှိုက်က အိမ်အထိ ပါလာပြီး အိမ်က ဇနီး သားသမီး ညီအစ်ကို မောင် နှမတွေ အပေါ် ပစ်ပုံချ မိလိမ့်မယ်။ အခုတော့ ကျွန်တော့် မှာ ဘာ အမှိုက်မှ မယူခဲ့မိလို့ ဘာအမှိုက်မှ ပစ်စရာ မရှိဘူးဗျတဲ့။ ဘဝ ဆိုတာ တိုတို လေးပါ။ ခင်ဗျားအပေါ် ကောင်းတဲ့ သူတွေကို ချစ်ပါ။ မကောင်းတဲ့ သူတွေ အတွက် ကောင်းလာအောင် ဆုတောင်းပေးပါ။

(ဝန်ခံချက် ။ ကိုယ်တွေ့ဖြစ်ရပ်မှန် သက်သေခံချက်နှင့် The Law of the Garbage Truck အားဆီလျော်အောင် မြန်မာဘာသာသို့ ပြန်ဆိုကာ ရောစပ် ရေးသား ထားခြင်းဖြစ်ပါသည်။)

---

## အတွင်းရန်သူ (ကာတွန်း - မင်းအောင်သက်လွင်)

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** (ရန်သူဆိုတာ အပြင်ရန်သူထက် အတွင်း ရန်သူ က ပို ကြောက်ဖို့ကောင်းတယ်။ ဂိညာဉ်ရေးရာ လောကမှာ ကိုယ့် ဇာတိ အတ္တ က တစ်ခါ တစ်တလမှာ ကိုယ့်ကို ဒုက္ခပေးတဲ့ ရန်သူ ဖြစ် နေ တတ်တယ်။)




မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၈ ။ ဩဂုတ်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။